
ရုပြည့်စုံထွန်းစာပေ
သက်ဦးလွင်
ကလေးစုံထောက်
ခုနစ်ယောက်
နှင့်
ကျောင်းပုန်းနေသော အဲလစ္ဇဘက်အမှု
THE SECRET SEVEN
Enid Blyton
1200 Kyats
3836640040009


ဆုပြည့်စုံထွန်းစာပေ
ထုတ်ဝေထားသော
ကလေးစုံထောက် ခုနစ်ယောက်
SECRET SEVEN
အမှတ်–၅၀၈/၅၁၂၊ (၂–ခ)ပထမထပ်၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၃၈၃၆၆၄၊ ၃၈၆၈၃၃
qualityph@gmail.com, quality.supyaesonehtunsarpay@gmail.com




သက်ဦးလွင်

ကလေးစုံထောက်
# ခုနစ်ယောက်

# ရှောင်ပုန်းနေသော အဲလစ္စဘက်အမှု

ဆုပြည့်စုံထွန်းစာပေ
အမှတ် -၅၀၈/၅၁၂၊ (၂ -ခ)၊ ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)
ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃




သက်ဦးလွင်

ကလေးစုံထောက်

# ခုနစ်ယောက်

# ကျောင်းပုန်းနေသော အဲလစ္ဇဘက်အမှု

ဆုပြည့်စုံထွန်းစာပေ

အမှတ် - ၅၀၈/၅၁၂၊ (၂ - ခ)၊ ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)

ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

# ပုံနှိပ်မှတ်တမ်း

**မျက်နှာဖုံး**

ဇေယျာလင်း

**ထုတ်ဝေခြင်း**

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ

**ထုတ်ဝေသူ**

ဆုပြည့်စုံထွန်းစာပေ၊ မခင်မာရွှေ(၀၀၂၅၆)
အမှတ် - ၅၀၈/၅၁၂ (၂-ခ)
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

**ပုံနှိပ်သူ**

ဒေါ်ယဉ်ယဉ်မွန်(၀၀၂၃၈)၊ ဖြိုးဝေလျှံပုံနှိပ်တိုက်

**အုပ်ရေ**

၅၀၀

**တန်ဖိုး**

၁၂၀၀ ကျပ်



မူပိုင် © ဆုပြည့်စုံထွန်းစာပေ

ဤစာအုပ်၏ မိုင်ဆိုင်ခွင့်အရပ်ရပ်သည် ဆုပြည့်စုံထွန်းစာပေ၏ မူပိုင်ဖြစ်သည်။ ဆုပြည့်စုံထွန်းစာပေမှ စာဖြင့်ခွင့်ပြုချက်မရဘဲ မည်သည့်နည်းစနစ်နှင့်မဆို ကူးယူဖြန့်ဖြူးခြင်း၊ ရိုက်နှိပ်ထုတ်ဝေခြင်း၊ Digital နည်းစနစ်ဖြင့် Online/Facebookပေါ်တင်ခြင်း၊ ရုပ်သံအစီအစဉ်တွင် ထည့်သွင်းခြင်း မပြုရ။

# မာတိကာ


| | | |
|---|---|---|
| ၁။ | စိတ်ဝင်စားစရာ | ၄ |
| ၂။ | ဒေါက် ... ဒေါက် | ၉ |
| ၃။ | အဲလဇ္ဇဘက်အကြောင်း | ၁၄ |
| ၄။ | မစွက်ဆွန်းနှင်းအတွက် အထည်ပေါင်းများ | ၁၉ |
| ၅။ | ပန်နှင့် ဘာဘရာ လူပျောက်ရှာပုံတော်ဖွင့်ခြင်း | ၂၄ |
| ၆။ | မြင်းဖောင်းတွင် | ၂၉ |
| ၇။ | တွမ့်ထံမှ သတင်းရခြင်း | ၃၄ |
| ၈။ | နောက်ထပ်အစည်းအဝေး | ၃၉ |
| ၉။ | အစီရင်ခံခြင်းနှင့် လုပ်ငန်းစဉ် | ၄၄ |
| ၁၀။ | မစ္စဝပ်ဒယ်ထံမှ နောက်ထပ်သတင်း | ၄၉ |
| ၁၁။ | အဲလဇ္ဇဘက်အား တွေ့ပြီလော | ၅၃ |
| ၁၂။ | စူစီထံမှ အချစ်များစွာဖြင့် | ၅၇ |
| ၁၃။ | စောင့်ကြည့်ချောင်းမြောင်းခြင်း | ၆၂ |
| ၁၄။ | တကယ့်သည်းထိတ်ရင်ဖို | ၆၇ |
| ၁၅။ | စိတ်ညစ်စရာများ | ၇၂ |
| ၁၆။ | မထင်မှတ်သော ဖုန်းသတင်း | ၇၆ |
| ၁၇။ | တွမ် ထွက်ပြေးသွားခြင်း | ၈၀ |
| ၁၈။ | ပီတာ အရှုံးလိုဖြစ်ခြင်း | ၈၃ |
| ၁၉။ | ပျော်စရာနိဂုံး | ၈၈ |

# မာတိကာ


၁။ စိတ်ဝင်စားစရာ ၄

၂။ ဒေါက် ... ဒေါက် ၉

၃။ အဲလဇ္ဇဘက်အကြောင်း ၁၄

၄။ မစ္စက်ဆွန်းနင်းအတွက် အထည်ဟောင်းများ ၁၉

၅။ ပန်နင့် ဘာဘရာ လူပျောက်ရှာပုံတော်ဖွင့်ခြင်း ၂၄

၆။ မြင်းဇောင်းတွင် ၂၉

၇။ တွမ့်ထံမှ သတင်းရခြင်း ၃၄

၈။ နောက်ထပ်အစည်းအဝေး ၃၉

၉။ အစီရင်ခံခြင်းနှင့် လုပ်ငန်းစဉ် ၄၄

၁၀။ မစ္စဝပ်ဒယ်ထံမှ နောက်ထပ်သတင်း ၄၉

၁၁။ အဲလဇ္ဇဘက်အား တွေ့ပြီလော ၅၃

၁၂။ စူစီထံမှ အချစ်များစွာဖြင့် ၅၇

၁၃။ စောင့်ကြည့်ချောင်းမြောင်းခြင်း ၆၂

၁၄။ တကယ့်သည်းထိတ်ရင်ဖို ၆၇

၁၅။ စိတ်ညစ်စရာများ ၇၂

၁၆။ မထင်မှတ်သော ဖုန်းသတင်း ၇၆

၁၇။ တွမ် ထွက်ပြေးသွားခြင်း ၈၀

၁၈။ ပီတာ အရှုံးလိုဖြစ်ခြင်း ၈၃

၁၉။ ပျော်စရာနိဂုံး ၈၈

# [ ၁ ]
# စိတ်ဝင်စားစရာ



သာယာသော နွေဦးနံနက်ခင်းတစ်ခုတွင် ပီတာနှင့် ဂျနက်သည် မိခင်ဖခင်တို့နှင့်အတူ နံနက်စာ စားသောက်နေကြ၏။ ခွေးကလေး စကင်ပါမှာ ထုံးစံအတိုင်း စားပွဲအောက်တွင် လဲလျောင်းလျက်။

"ဖေဖေ"

ဟု ပီတာခေါ်လိုက်ရာ မိခင်ဖြစ်သူက သူ့အား မျက်မှောင်ကြုတ်ကြည့်လေသည်။

"သားဖေဖေ သတင်းစာ ဖတ်နေတယ်လေ။ သွားမနှောင့်ယှက်ရဘူး"

ပီတာ့ဖခင်သည် သတင်းစာကိုချပြီး ပြုံးလိုက်၏။

"သားတို့ ကလေးစုံထောက် ၇ ယောက်အဖွဲ့ဟာ တကယ်အသုံးကျတဲ့အဖွဲ့ ဖြစ်ချင်ကြသလား။ မင်းတို့လုပ်ဖို့ကောင်းတဲ့ သတင်းတစ်ပုဒ်ကို သတင်းစာထဲမှာ ဖေဖေ ဖတ်လိုက်ရလို့"

"ဒို ... ဖေဖေ၊ ဘာသတင်းလဲဟင်"

ပီတာ အော်လိုက်သည်။ ဂျနက်က လက်ထဲမှဇွန်းကို ချထားလိုက်ပြီး ဖခင်ထံ လှမ်းကြည့် သည်။

"အိမ်ကနေထွက်ပြေးသွားတဲ့ ကလေးမလေးတစ်ယောက်ရဲ့ သတင်းကွ။ ကောင်မလေးက သူ့ဆရာမရဲ့စားပွဲအံဆွဲထဲက ပိုက်ဆံ ခိုးသွားပြီး အဲဒီကိစ္စအတွက် ပုလိပ်က သူ့အဒေါ်ဆီ လိုက်သွားတော့ ကောင်မလေးဟာ အိမ်ကနေ ထွက်ပြေးသွားရော"

"ဒါပေမဲ့ ဒီကိစ္စကို ကလေးစုံထောက် ၇ ယောက်အဖွဲ့က ဘာ လုပ်နိုင်မှာလဲ ဖေဖေ"

"နားထောင်၊ ဖေဖေ ဖတ်ပြမယ်။ အဲလဖ္ဖဘက်ဝီလ်ဟာမ်မီနာ ဆွန်းနင်းသည် ဆရာမ၏ အံဆွဲထဲမှပိုက်ဆံကို ခိုးယူသည်ဟု စွပ်စွဲခံ ရပြီးနောက် အဒေါ်ဖြစ်သူ၏အိမ်မှ ပျောက်ဆုံးသွားကြောင်း သတင်း ရရှိသည်။ အဲလဖ္ဖဘက်သည် ထွက်ပြေးသွားစဉ် ကျောင်းဝတ်စုံနှင့် ကျောင်းဦးထုပ်ကို ဆင်မြန်းထားပြီး အခြားမည်သည့်ပစ္စည်းကိုမျှ ယူဆောင်မသွားကြောင်း၊ သူ၏မိဘများမှာ နိုင်ငံခြားသို့ ရောက်ရှိ နေပြီး သူ၏အစ်ကိုမှာ ပြင်သစ်နိုင်ငံတွင် ရှိကြောင်း သိရသည်"

ထို့နောက်သတင်းစာမှ မျက်နှာလွှဲပြီး ...

"သားတို့ စိတ်ဝင်စားနိုင်တာက ဒီလိုကွ။ အဲဒီနေ့ညနေမှာ အဲလဖ္ဖဘက်ကို ဘဲလင်းရွာမှာ တွေ့လိုက်တယ်လို့ဆိုတဲ့လူ ရှိတယ်။ ဒီတော့ သူ့အဘွားရှိရာကို သွားတာဖြစ်မယ်လို့ တွေးကြတယ်"

"ဘဲလင်းရွာ...သမီးတို့နဲ့ကပ်နေတာပဲ။အဲလဖ္ဖဘက်ကိုကလေး စုံထောက် ၇ ယောက်အဖွဲ့က စောင့်ကြည့်လို့ရတာပေါ့။ ဟုတ်တယ်၊ သမီးတို့ စောင့်ကြည့်လို့ရတယ်။ သူက ဘယ်လိုပုံလဲဟင်"

"ဒီမှာ သူ့ဓာတ်ပုံပါတယ်ကွယ့်"

ဟု ပြောပြီး ဖခင်ဖြစ်သူက ဂျနက်ထံ သတင်းစာကို ကမ်းပေး လိုက်သည်။

ပီတာနှင့် ဂျနက်တို့သည် သတင်းစာမှာပါသည့် အဲလဖ္ဖဘက်၏ ပုံကို သေသေချာချာစူးစိုက်ပြီး ကြည့်ကြ၏။ ရယ်မောပျော်ရွှင်နေ သော ကောင်မလေးတစ်ယောက်။ သူတို့ထက်တော့ အသက်နည်း နည်းကြီးလိမ့်မည်။

"သူ့အဘွားနေတာ ဘဲလင်းရွာ ဘယ်နားမှာတဲ့လဲ ဖေဖေ"

ဟု ဂျနက်မေး၏။

"အဲဒါတော့ မပါဘူး ... သမီးရဲ့ ဒီနေ့ညနေထုတ် သတင်းစာကို ဖတ်ကြည့်လေ။ ဒါ့ထက်ပိုပြီး သိချင်သိရမှာပေါ့။ ကောင်မလေးဟာ သူ့အဘွားအိမ်ကို သွားတာဆိုရင်တော့ အဲဒီမှာတွေ့နိုင်မှာ သေချာတယ်။ အဲသလိုမဟုတ်ဘဲ တစ်နေရာရာမှာ ပုန်းခိုနေတယ်ဆိုရင်တော့ သမီးတို့ စုံစမ်းကြည့်ရမှာပဲ"

"ဟုတ်တယ် ... ကျွန်တော်တို့ စုံစမ်းကြည့်ရမယ်။ နက်ဖြန် ကျွန်တော်တို့ အစည်းအဝေးခေါ်လိုက်မယ်။ အတော်ပဲ နက်ဖြန်စနေနေ့"

ထိုနေ့ ညနေပိုင်းတွင် ဂျနက်သည် အစည်းအဝေးဖိတ်ကြားစာများကို ရေးနေ၏။ ဖိတ်ကြားစာတိုင်းတွင် အောက်ပါအတိုင်း ဖော်ပြထားလေသည်။

*ချစ်စွာသော ကလေးစုံထောက် ၇ ယောက်အဖွဲ့ဝင် -*

*နက်ဖြန် စနေနေ့နံနက် ၁၀ နာရီတိတိတွင် တဲကြီးအတွင်း၌ အစည်းအဝေးပြုလုပ်လိမ့်မည်။ ရင်ထိုးတံဆိပ်တပ်ပြီး တက်ရောက်ပါရန်။ စကားဝှက်ပြောနိုင်ရမည်။*

ဖိတ်ကြားစာတစ်ခုချင်းပေါ်တွင် ပီတာ လက်မှတ်ရေးထိုး၏။ ထို့နောက် သူနှင့် ဂျနက်သည် စက်ဘီးကိုယ်စီစီးကာ ဖိတ်စာများအား လိုက်လံဝေငှသည်။ စကင်ပါသည် သူတို့ဘေးမှ အပြေးလိုက်ပါသွားသည်။

"ငါတို့ အပြန်ကျရင် ညနေထုတ် သတင်းစာတစ်စောင်လောက်ဝယ်ပြီး အဲလဇ္ဇဘက်သတင်းကို ဖတ်ကြည့်ရအောင်"

ဟု ပီတာပြော၏။

သို့နှင့် သတင်းစာရောင်းသည့်ဆိုင်တွင် စက်ဘီးများရပ်ပြီး သတင်းစာတစ်စောင် ဝယ်ကြည့်သည်။ သူတို့သည် သိလိုသော

သတင်းကို အာသာငမ်းငမ်း လှန်လှောရှာဖွေကြည့်ကြ၏။ "ပျောက်ဆုံးနေသော မိန်းကလေး" ဟု ခေါင်းစီးတပ်ထားသည့် သတင်းတိုလေးတစ်ပုဒ်ကို တွေ့လိုက်ရ၏။

"တွေ့ပြီကွ၊ ဒီမှာ"

ပီတာသည် စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

"ကြည့်စမ်း ... ဂျနက်၊ "အဲလဖ္ဘာဘက်ဆွန်းနှင်းမှာ ပျောက်ဆုံးနေဆဲပင် ရှိသည်။ သူ၏အဘွားက မိမိထံသို့ အဲလဖ္ဘာဘက်ဆွန်းနှင်း ရောက်ရှိမလာကြောင်း ပြောဆိုသည်။ တွေ့ရှိသူများ ပုလိပ်ထံ သတင်းပို့ကြပါ" တဲ့ကွ။ ပြီးတော့ ဒီမှာကြည့်ဦး ဂျနက်။ အဲလဖ္ဘာဘက်နဲ့ ပတ်သက်တဲ့ အချက်အလက်တွေလည်း ဖော်ပြပေးထားသေးတယ်။ ကောင်းတယ်၊ မနက်ဖြန် အစည်းအဝေးကျရင် ဖတ်ပြလို့ရတာပေါ့"

"ကောင်းတယ်ဟေ့။ ကဲ ... လာ စကင်ပါ၊ တို့က အိမ်ကို ဒုန်းစိုင်းနင်းကြမှာဆိုတော့ မင်းက အသားကုန်ပြေးလိုက်ပေတော့"

စကင်ပါသည် ဟောဟဲလိုက်အောင် ပီတာနှင့် ဂျနက်တို့၏ စက်ဘီးများနောက်မှ ပြေးလိုက်ရသည်။ ပြေးနေစဉ် စကင်ပါ၏ နားရွက်ကလေးနှစ်ဖက်မှာ ထောင်သွားလိုက်၊ ကျသွားလိုက် ဖြစ်နေ၏။ စကင်ပါမှာ ကလေးစုံထောက် ၇ ယောက်အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးတော့ မဟုတ်ပါ။ သို့သော် အဖွဲ့တွင် စကင်ပါအတွက် နေရာတစ်နေရာတော့ ရှိနေပါသည်။ အစည်းအဝေးများတွင် စကင်ပါ မပါလျှင် ပွဲမစည်ပါ။ ပြီးပြည့်စုံခြင်း မရှိပါ။

"စကားဝှက်က ဘာလဲဟင် ပီတာ"

စက်ဘီးများအား သိမ်းဆည်းနေစဉ် ဂျနက် မေးလိုက်သည်။

"အစည်းအဝေးမလုပ်တာကြာတော့ ငါလည်း မေ့နေတယ်"

"ငါတော့ ဘယ်တော့မှ မမေ့ဘူး။ နင့်ကို ငါ မပြောဘူး။ ဒါပေမဲ့ အရိပ်အမြွက်တော့ ပြောလိုက်မယ်ဟေ့။ သိုးကလေးကို သတိရလိုက်ရင် စကားဝှက်ကို နင် ပြန်ပေါ်မှာပဲ"

"သိုးကလေး"

ဂျနက်က ဇဝေဇဝါဖြင့် ရေရွတ်လိုက်သည်။

"အင်း ... သိုးကလေးဆိုတော့ သိုးကို သတိရသွားတာပေါ့။ အဲ ... မေရီ့ဆီမှာ သိုးကလေးတစ်ကောင် ရှိတယ်။ ဒါမှမဟုတ်ရင် သိုးကလေး သားကြော်၊ ဘာအဓိပ္ပာယ်လဲဟယ်။ ငါတော့ စဉ်းစားလို့ မရတော့ဘူး"

"အဲဒါတွေ တစ်ခုမှ မဟုတ်ဘူးကွ"

ဟု ပီတာက စပ်ဖြဲဖြဲဖြင့် ပြော၏။

"ထပ်ပြီးကြိုးစားလိုက်ဦး ဂျနက်။ နက်ဖြန်အစည်းအဝေးကျရင် ငါ့ကို ပြောပြ"

◆

# [၂]
# ဒေါက် ... ဒေါက်



"နင် စကားဝှက်ကို သတိရပြီလား"

နောက်တစ်နေ့နံနက်တွင် အစည်းအဝေးအတွက် ပြင်ဆင်နေကြစဉ် ပီတာက ဂျနက်အား မေးလိုက်သည်။

"ဟင့်အင်း ... သတိမရသေးဘူး။ နင် ငါ့ကို ပြောပြဖို့ ကောင်းတယ်။ ငါ အစည်းအဝေးတက်ရမှ ဖြစ်မယ်ဆိုတာ အသိသားနဲ့။ ငါလေ သိုးကလေး ... သိုးကလေး ... သိုးကလေးဆိုတာကို အကြာကြီးစဉ်းစားတယ်။ ဒါပေမဲ့ စကားဝှက်က ပေါ်မလာဘူးဟဲ့။ ပြောပြပါ ... ပီတာ။ ပြောပြစမ်းပါ"

"ပြောမပြဘူး။ နင်ဟာ အမြဲပဲ မေ့တယ်။ အခုတစ်ကြိမ်မှာတော့ နင့်ကိုသင်ခန်းစာပေးရမှာပဲ။စကားဝှက်မပြောနိုင်ရင်နင့်ကိုအစည်းအဝေးခန်းထဲ ဝင်ခွင့်မပေးဘူး။ ဒီမှာကြည့်၊ မေမေ့ဆီသွားပြီး ပြီးခဲ့တဲ့အပတ်က လုပ်ထားတဲ့ ဘီစကွတ်တွေ ကျန်သေးလားလို့ မေးချေ"

"နင့်ဘာသာ နင်သွား"

"ငါက ကလေးစုံထောက် ၇ ယောက်အဖွဲ့မှာ အကြီးအကဲနော်။ အမိန့်ကို နာခံပါ ဂျနက်"

ဂျုနက်သည် မကျေမနပ်ဖြင့် ထွက်သွား၏။ သူ့အား အစည်း အဝေးခန်းထဲသို့ ပီတာက ဝင်ခွင့်မပေးမှာကို ဂျုနက် ကြောက်နေ သည်။ ပီတာမှာ စည်းကမ်းနှင့်ပတ်သက်လျှင် အလွန်တင်းကျပ်သူ။

ဂျုနက်သည် မီးဖိုဆောင်ထဲသို့ ဝင်သွားသည်။ မီးဖိုဆောင်ထဲ တွင် မေမေ ရှိမနေပါ။ စားပွဲပေါ်တွင် သိုးကလေးသားကြော်တချို့ကို တွေ့ရသည်။ ဂျုနက်ကြည့်ပြီး မျက်မှောင်ကြုတ်သွား၏။

"သိုးကလေးသား ဘုရားသခင်၊ စကားဝှက်ကို ဘယ်လိုများ သတိရနိုင်မှာပါလိမ့်။ ငါဖြင့် စဉ်းစားလို့ကို မရဘူး။ အို … မေမေက ဒီမှာပဲ။ မေမေ၊ သမီးတို့ ချင်းဘီစကွတ် နည်းနည်းလောက် ရနိုင်ဦး မလား။ ဟင် … မေမေ ဘာတွေယူလာတာလဲ။ ပူဒီနာရွက်တွေ၊ သမီး မွှေးကြည့်ဦးမယ်။ ပူဒီနာအနံ့ကို သမီးကြိုက်တယ်"

"ဒါ သိုးကလေးသားကြော်နဲ့စားဖို့ ပူဒီနာဆော့လုပ်ဖို့ သမီးရဲ့"

"ပူဒီနာဆော့၊ ဟုတ်ပြီ။ စကားဝှက်က ပူဒီနာဆော့ပဲ။ ငါ့နယ် တုံးလိုက်တာ"

ဟု ဂျုနက်ပြောလိုက်ပြီး မိခင်ဖြစ်သူအား ခပ်တည်တည် ကြည့် လိုက်၏။

"စကားဝှက်ကို သမီး အကျယ်ကြီးမပြောဘူး မေမေ။ တခြား တစ်ယောက်ယောက် ကြားသွားအောင် သမီးတို့ မပြောရဘူး။ မေမေ အဲဒါကို မမေ့နဲ့နော်"

"သမီး ဘာတွေလာပြီး ပြောနေတာလဲ"

ဟု ပြောပြီး ဂျုနက်၏မိခင်သည် ဘီစကွတ်ဘူးကို သွားယူ၏။

"ရော့…ဒီမှာ၊အဲဒါတွေအကုန်လုံးစားလိုက်တော့။နက်ဖြန်စားဖို့ မေမေ ထပ်လုပ်လိုက်မယ်"

"အို … ကျေးဇူးပဲ မေမေ"

ဂျုနက်သည် ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် ဘီစကွတ်ဘူးကို ပိုက် ပြီး ဥယျာဉ်ထဲသို့ ပြေးဆင်းသွားသည်။ တဲကြီးအနီးသို့ ရောက်သော အခါ ပီတာအား အော်ပြောလိုက်၏။

"ပူဒီနာဆော့ ... ပူဒီနာဆော့ ... ပူဒီနာဆော့"

"နင် ရူးလာသလား ဂျနက်။ စကားဝှက်ကို သူများတွေ ကြားသွားအောင် ဒီလိုပဲ အော်ပြောရသလား။ နင် စကားဝှက်ကို ပြန်သတိရသွားတာ ငါ ဝမ်းသာပါတယ်"

"အေး ... မေမေက ပူဒီနာရွက်တွေ ယူလာတယ်လေ။ ပူဒီနာဆော့လုပ်ဖို့တဲ့။ ငါ့အဖို့ ကံကောင်းသွားတာပဲ"

ဟု ဂျနက် ပြန်ပြောသည်။

"အို ... စကင်ပါ၊ ငါ့မှာ ချင်းဘီစကွတ်တွေ ပါလာတာ နင်သိတယ်ဟုတ်လား။ နင့်အတွက် တစ်ခုရမယ်လေ။ ပီတာရေ ၁၀ နာရီထိုးတော့မယ်နော်"

"ငါ သိပါတယ်။ အားလုံး အဆင်သင့်ပဲကွ။ ထိုင်စရာတွေ လုံလောက်ရဲ့လား။ နင်ကတော့ ပန်းအိုးကြီးပေါ်မှာထိုင်ပေါ့။ ဥယျာဉ်မှူးက သေတ္တာပေါ်မှာ ထိုင်ရမယ်"

စကင်ပါ ဟောင်လေသည်။

"တစ်ယောက်ယောက် လာနေတာပဲ။ တံခါးပိတ်လိုက်ပော့ ... ဂျနက်ရေ၊ တို့ထုံးစံအတိုင်း စကားဝှက်မေးရမယ်"

"ဒေါက် ... ဒေါက်"

"စကားဝှက် ပြောပါ"

ပီတာ မေးလိုက်သည်။

"ပူဒီနာဆော့"

အသံနှစ်သံ ကြားရ၏။

"ဝင်ခဲ့"

ပီတာပြောပြီး ဂျနက်က တံခါးဖွင့်ပေးလိုက်သည်။

"ဟယ်လို ... ဂျော့နဲ့ ကိုလင်၊ နင်တို့ သိပ်အချိန်တိကျတာပဲ"

"ဒေါက် ... ဒေါက်"

"စကားဝှက်"

ပီတာ အော်လိုက်သည်။ သော့ပေါက်ကိုဖြတ်ပြီး အသံတစ်သံ ဝင်လာ၏။

"ငါ မေ့နေတယ်။ ဒါပေမဲ့ ငါ ပန်ပါဟဲ့။ နင် ငါ့ကို ဝင်ခွင့်ပေးလို့ ရပါတယ်"

"ဝင်ခွင့်မပေးနိုင်ဘူး။ စည်းကမ်းကို နင် သိပါတယ်"

ပီတာက ပြတ်ပြတ်တောင်းတောင်း ပြောလိုက်သည်။

"သိုးကလေးသားကြော်နဲ့ တွဲစားတာ ဘာလဲလို့ စဉ်းစားကြည့်လိုက်"

ပီတာ မတားမြစ်လိုက်နိုင်မီ ဂျနက် ပြောလိုက်မိသည်။

တခစ်ခစ်ရယ်သံ ကြားရ၏။

"အို ... အေး ... ပူဒီနာဆော့"

ဂျနက် တံခါးဖွင့်ပေးလိုက်သည်။ သို့သော် သူ့အား ပီတာက စိတ်ဆိုးမာန်ဆိုး ကြည့်လိုက်ပြီး ...

"နင် ဘာဖြစ်လို့ ပန်ကို အစဖော်ပေးလိုက်ရတာလဲ"

"နင်လည်း ငါ့ကို အစဖော်ပေးခဲ့တာပဲ ပီတာ။ သိုးကလေးသားကို သတိရလိုက်လို့ ငါ့ကို နင်ပြောခဲ့တယ်လေ။ မဟုတ်ဘူးလား"

"အပြင်မှာ တစ်ယောက် ရောက်နေပြန်ပြီ"

ပီတာသည် အလျင်အမြန် စကားပြောင်းပစ်လိုက်၏။

"ဒေါက် ... ဒေါက် ... ပူဒီနာဆော့"

အသံနှစ်သံ ပေါ်လာ၏။

"ဝင်ခဲ့"

ပီတာ အော်ပြောလိုက်သည်။ ဂျက်နှင့် ဘာဘရာတို့ အတူတကွ ဝင်လာကြ၏။ စကင်ပါက သူတို့အား လှမ်းပြီး ဝမ်းမြောက်ဝမ်းသာ လှမ်းပြီး နှုတ်ဆက်လိုက်သည်။ ထို့နောက် အားလုံး နေရာယူကြပြီး ပီတာ ပြောမည့်စကားကို ငံ့လင့်စွာ ကြည့်ကြသည်။

"ဘာများ စိတ်လှုပ်ရှားစရာရှိလို့လဲကွ"

ဂျက် မေးလိုက်၏။

"အေး … ရှိတယ်။ ဒါပေမဲ့ နေဦး၊ မင်းရဲ့ညီမလေး အခု ဘယ်မှာလဲ ဂျက်။ ဒါ သိပ်အရေးကြီးတဲ့ အစည်းအဝေးနော်"

"မရှိဘူး။ ငါ့အမေနဲ့ ဈေးဝယ်ထွက်သွားတယ်။ ဒီနေ့ အစည်းအဝေး ရှိတယ်ဆိုတာတောင် သူ မသိပါဘူးကွာ။ တို့ လုံခြုံပါတယ်ကွ။ သူ လာပြီး မစပ်စုနိုင်ပါဘူး"

"ချင်းဘီစကွတ် စားကြဦး"

ဂျနက်သည် ဘီစကွတ်ဘူးအား လက်ဆင့်ကမ်းပေးလိုက်သည်။ ပီတာသည် ချောင်းဟန့်လိုက်ပြီး …

"အေး … အခု ငါပြောမယ့်ကိစ္စကို ငါတို့ စုံစမ်းကြည့်သင့်တယ်လို့ ငါ့ဖေဖေက တွေးမိတယ်ကွ။ မင်းတို့ နားထောင်ရရင် ဒီကိစ္စဟာ အရေးကြီးတယ်ဆိုတာကို မင်းတို့သိမှာပဲ။ အခုကိစ္စက ကျောင်းမှာ ပိုက်ဆံခိုးပြီး အဒေါ်အိမ်ကနေ ထွက်ပြေးသွားတဲ့ ကောင်မလေးတစ်ယောက်ရဲ့အကြောင်းပဲကွ။ သူ့ကို ဘဲလင်းရွာမှာ တွေ့လိုက်တဲ့လူ ရှိတယ်။ သူ့အဘွားက ဘဲလင်းရွာမှာနေတာ။ ဒါပေမဲ့ သူ့အဘွားကတော့ သူ့ဆီ ရောက်မလာဘူးလို့ ပြောတယ်"

"အို … ဒါဖြင့် ဒီကိစ္စကို တို့ စုံထောက် ၇ ယောက်အဖွဲ့က စုံစမ်းပေးရမှာပေါ့။ ကောင်မလေးက ဘယ်လိုပုံပန်းလဲ၊ ပြီးတော့ မင်းရဲ့အစီအစဉ်ကကော ဘယ်လိုလဲ ပီတာ"

ဟု ဂျက်က ပြောသည်။

"အေး … အခု အစည်းအဝေးမှာ ဒီကိစ္စကို ဆွေးနွေးကြဖို့ပဲကွ။ ကိုင်း … နားထောင်ကြ"

◆

# [ ၃ ]
# အဲလဇ္ဇဘက်အကြောင်း



"ကောင်မလေးရဲ့နာမည်က အဲလဇ္ဇဘက် မေရီ ဝီလ်ဟင်မီနာ ဆွန်းနင်းတဲ့။ သူ့မိဘတွေက နိုင်ငံခြားမှာ နေနေကြတယ်။ သူက ကျောင်းမှာ ဘော်ဒါနေပြီး စနေ၊ တနင်္ဂနွေကျရင် အဒေါ့အိမ်ကို ပြန်တယ်။ သူ့အစ်ကိုတစ်ယောက်က ပြင်သစ်မှာ။ ဆရာမ ရဲ့အံဆွဲထဲက ပိုက်ဆံပျောက်မှုနဲ့ စွပ်စွဲခံရပြီး ပုလိပ်က သူ့အဒေါ်အိမ်ကို သွားမေးတော့ သူ ထွက်ပြေးတာပဲ"

"သူ ဘာဝတ်ထားသလဲ"

ဟု ပန်က မေး၏။

"ကျောင်းဝတ်စုံ ဝတ်ထားတယ်။ ပေဘာဒီမှာ သူ့ဓာတ်ပုံသတင်းစာထဲမှာ ပါတယ်။ ကျောင်းတံဆိပ်ပါတဲ့ ဦးထုပ်ပျော့ကို ဆောင်းထားတယ်။ ရှူးဖိနပ်နဲ့ ခြေစွပ်ကလည်း ရိုးရိုးပါပဲ။ အောက်ပိုင်းမှာ မီးခိုးရောင် ဝတ်လို့တဲ့။ အင်္ကျီကတော့ အဖြူရောင်ဘလောက်နဲ့တဲ့။ ဂျနက်တို့၊ ပန်တို့၊ ဘာဘရာတို့ ကျောင်းမှာဝတ်ကြသလိုမျိုး နေမှာပေါ့ကွာ။ ငါ့အထင်လေ"

"သူ တခြားအဝတ်အစားတွေကိုလည်း ယူသွားနိုင်တာပဲ"

ဟု ဂျက်က ပြော၏။

"ဟင့်အင်း ... သူ့အဒေါ်ပြောတာတော့ တခြားဘာအဝတ်အစားမှ ပျောက်မနေဘူးတဲ့"

ဂျနက် - "သူနဲ့ပတ်သက်တဲ့ အချက်အလက်တွေက ဘယ်မှာလဲ။ မနေ့က ညနေသတင်းစာမှာ ပါတာတွေလေ"

"အို ... အေး ... ဒီမှာ"

ဟု ပြောပြီး ပီတာသည် အသံကျယ် ကျယ်ဖြင့် ဖတ်ပြသည်။

"အဲလဗ္ဗဘက်သည် နက်မှောင်ကွေးကောက်သော ဆံပင်အုံရှိသည်။ အညိုရောင် မျက်လုံးများ၊ ဖြောင့်တန်းသော မျက်ခုံးမွေးများနှင့် လက်မောင်းတစ်ဖက်တွင် အမာရွတ်တစ်ခု ရှိသည်။ အသက်အရွယ်နှင့်မမျှအောင် အရပ်မြင့်ပြီး ကြံ့ခိုင်သည်။ ကောင်းစွာ ရေကူးတတ်ပြီး မြင်းများကို နှစ်သက်သဘောကျသူဖြစ်၏။ အေး ... သူ့အကြောင်းက အဲဒါပဲ။ မင်းတို့တွေ့ရင် မှတ်မိနိုင်ပါ့မလား"

ကိုလင် - "မှတ်မိချင်လည်းမှတ်မိမှာပဲကွ။ မိန်းကလေးအတော်များများမှာ အနက်ရောင်ဆံပင်ကောက်ကောက်နဲ့ မျက်လုံးညိုညိုတွေ ရှိကြတာပဲ။ ကောင်မလေးက အကျႌလက်တို ဝတ်ထားပါမှလည်း လက်မောင်းက အမာရွတ်ကို တို့မြင်နိုင်မှာ။ ဒါပေမဲ့ အမာရွတ်ကို မမြင်အောင်ဖုံးထားမှာ သေချာတယ်ကွ"

ဂျော့ - "သူ့ကိုရှာဖို့ တို့ ဘယ်လိုလုပ်ကြမလဲ။ ဘဲလင်းရွာကို စက်ဘီးစီးသွားပြီး နေရာအနှံ့ လိုက်ရှာကြမလား"

ပီတာ - "အဲဒီကိစ္စကို တို့ ဆွေးနွေးဖို့ရှိတယ်။ စက်ဘီးစီးပြီး တစ်လမ်းဝင်တစ်လမ်းထွက် ရှာဖို့ဆိုတာ သိပ်မကောင်းဘူးလို့ ငါ ထင်တယ်ကွ။ အဲလဗ္ဗဘက်မှာ ပုန်းခိုနေဖို့ နေရာရနေမှာပဲကွ။ နေ့ခင်းဘက်မှာ လူမြင်ယောင်ပြမှာ မဟုတ်ဘူး။ သူ လျှိုနေမှာပဲ"

"ဘယ်မှာလဲ"

ပန် မေးလိုက်၏။

"ဟ … ဒါတော့ ငါ ဘယ်သိပ့်မလဲကွ။ နင့်ဦးနှောက်နဲ့ စဉ်းစားကြည့်စမ်း။ နင် အိမ်ကနေ ထွက်ပြေးရင် ဘယ်မှာပုန်းမလဲ"

"စပါးကျီထဲမှာ ပုန်းမှာပေါ့"

ဂျော့ – "တောထဲက ချုံပုတ်ထူထူထဲမှာ ဝင်ပုန်းမှာပေါ့"

"ဝုတ် … ဝုတ် … ဝုတ် … ဝုတ်"

စကင်ပါက အမြီးကိုနန့်လျက် အသံပေးလိုက်သည်။

ပီတာ – "မင်းက ဘာပြောချင်လို့လဲ။ ခွေးအိမ်ထဲမှာ ပုန်းမှာပေါ့လို့ပြောချင်လို့လား။ ကျေးဇူးပဲ စကင်ပါ။ မင့်စိတ်ကူး သိပ်ကောင်းတယ်"

အားလုံး ရယ်မောလိုက်ကြသည်။ စကင်ပါ ကျေနပ်နေဟန်ရှိ၏။

ပီတာ – "ငါတို့ ဘဲလင်းရွာနဲ့ အနီးဝန်းကျင်မှာ ပိုက်စိပ်တိုက်ရှာကြရင် ကောင်းမယ်လို့ ထင်တယ်။ တကယ်လို့ အဲလဖ္ဖဘက်ကို ဘဲလင်းရွာမှာ တွေ့လိုက်တယ်ဆိုတဲ့စကားမှန်ရင် သူ ဒီအနီးအနားမှာ ပုန်းနေတာဖြစ်ရမယ်။ ပုလိပ်တွေလည်း နေရာအနှံ့တော့ ရှာပြီးဖြစ်မှာပဲ။ ဒါပေမဲ့ ဘယ်မှာရှာရမယ်ဆိုတာ တို့သိသလောက် ပုလိပ်တွေ သိမှာမဟုတ်ဘူးကွ။ ဘာဖြစ်လို့လဲဆိုတော့ တို့ ပုန်းချင်တဲ့အခါ ဘယ်နေရာမှာ ပုန်းရမယ်ဆိုတာကို တို့သိသလို ပုလိပ်တွေ သိမှာမဟုတ်ဘူးလေ။ လူကြီးတွေဆိုတာက သူတို့ ငယ်ငယ်တုန်းက လုပ်ခဲ့ပုံတွေကို မေ့သွားကြပြီကွ"

ဂျော့ – "ဒါပေမဲ့ငါတော့ဖြင့် ဘယ်တော့မှ မေ့သွားမှာမဟုတ်ဘူးကွ။ မမေ့ရဘူးလို့ ငါ သန္နိဋ္ဌာန်ချထားတယ်။ အဲလဖ္ဖဘက်ရဲ့အဘွားဆိုတာကော ဘယ်လိုလဲ ပီတာ။ တို့အထဲက တစ်ယောက်ယောက် သွားတွေ့သင့်တယ်လို့ မင်း မထင်ဘူးလား။ သူ တစ်ခုခုတော့ ပြောပြနိုင်မှာပဲလေ"

ပီတာ – "အေး…အဲသလိုသွားတွေ့တာ ကောင်းမယ်ထင်တယ်"

ပန် – "ငါကြိုပြောထားတယ်နော်။ ငါတော့ မသွားဘူး။ သွားရင် ငါတော့ ဘာပြောရမှန်း သိမှာမဟုတ်လို့။ ကြောင်တောင်တောင် ဖြစ်နေမှာပဲ"

"နင်သွားရင် ဖြစ်မှာပါဟယ်"

ဟု ကိုလင်က ပြောလိုက်ရာ ပန်က မျက်နှာရှစ်ခေါက်ချိုးဖြင့် ပြန်ကြည့်ပြီး ...

"နင်က နင့်ကိုယ်နင် ဘာထင်လို့ ..."

ပီတာ - "ကိုင်း ... နင်တို့နှစ်ယောက် တော်ကြစမ်းဟာ။ ဂျက်နဲ့ ငါနဲ့ သွားကြမယ်။ ပြီးတော့ နားထောင်ကြဦး။ တို့မှာ လုပ်စရာတစ်ခု ရှိသေးတယ်"

"ဘာများလဲ"

အားလုံးက မေးလိုက်ကြ၏။

"ဒီကောင်မလေးက မြင်းတွေကို သိပ်ချစ်တတ်တယ်တဲ့။ တို့ သိတဲ့ မြင်းဇောင်း နှစ်ခု၊ သုံးခုဆီသွားပြီး မိန်းကလေးတစ်ယောက် ယောင်ပေပေလုပ်နေတာများ ရှိသလားဆိုတာ ကြည့်ကြမယ်။ အဲဒီ မြင်းဇောင်းတစ်ခုခုမှာ အလုပ်ရဖို့တောင် သူ ကြိုးစားကောင်း ကြိုးစားလိမ့်မယ်ကွ"

ဂျနက် - "အေး ... အဲဒါကောင်းတယ်။ တို့လုပ်နိုင်တာတွေ အများကြီးရှိတာပဲ ပီတာ"

ကိုလင် - "နောက်တစ်ချက်က တို့ကို ရှာဖွေရမယ့်နေရာ ကန့်သတ်ပိုင်းခြားပေးဖို့ လိုတယ်။ အားလုံးပြုံသွားရင် မကောင်းဘူး။ ပုန်းနေတဲ့လူက တို့အသံတွေ ကြားသွားနိုင်တယ်။ ပြီးတော့ တို့က တောပိုင်းကို နှံ့စပ်ကြတာ မဟုတ်ဘူးကွ။ ဘယ်နေရာတွေကို အထူးသဖြင့် ရှာကြည့်ရမှာလဲ ပီတာ"

"အေး ... အဲဒါတော့ မင်းတို့ ဉာဏ်လွှာသုံးကြလေ။ လူမရှိတဲ့ တဲတို့၊ ရထားလုံးအလွတ်တို့၊ ချုံထူတဲ့နေရာတို့မှာ ကြည့်ရမှာပေါ့ကွာ"

"ဝုတ် ... ဝုတ် ... ဝုတ် ... ဝုတ်"

စကင်ပါက အသံ ပေးလာပြန်သည်။

"မင်း စောစောက ခွေးအိမ်လို့ ပြောခဲ့တယ်နော် စကင်ပါ။ မင်းကို အဲဒီနေရာတွေမှာရှာဖို့ လွှတ်မယ်။ ကိုင်း ... ကလေးစုံထောက် ၇

ယောက်အဖွဲ့ဝင်များ၊ ထမင်းမစားခင် နှစ်နာရီ အချိန်ရသေးတယ်။ ဘယ်ကို သွားရှာကြမယ်ဆိုတာ မင်းတို့အချင်းချင်း ညှိကြ။ ဂျက်နဲ့ငါက အဲလဇ္ဇဘက်အဘွားရဲ့အိမ်ကို သွားကြမယ်။ နှစ်နာရီတိတိမှာ လူတိုင်း သတင်းပြန်ပို့ကြမယ်ဟေ့။ ကိုင်း ... စထွက်ကြတော့"

◆

# [၄]
# မစ္စက်ဆွန်းနင်းအတွက် အထည်ဟောင်းများ



ပီတာနှင့် ဂျက်တို့ အတူတကွ ထွက်သွားကြ၏။

"အဘွားကြီးရဲ့လိပ်စာကို မင်း သိသလား"

ဟု ဂျက်က မေးသည်။

"ဟင့်အင်း ... မသိဘူး။ ဒါပေမဲ့ သူ့နာမည် ဆွန်းနင်းဆိုတာတော့ သိတယ်။ ဒီတော့ တယ်လီဖုန်းစာအုပ်ထဲမှာ ရှာကြည့်လို့ရတာပဲ"

"ကောင်းတယ်၊ ပြီးတော့မှ စက်ဘီးတွေ သွားယူကြတာပေါ့"

နှစ်ယောက်သားဉယျာဉ်တံခါးသို့လျှောက်သွားပြီးတယ်လီဖုန်းစာအုပ်ထဲတွင် ဆွန်းနင်းအမည်ကို ရှာဖွေကြ၏။

"သား ဘာရှာနေတာလဲ"

ပီတာ၏မိခင်က ခန်းမထဲသို့ ဝင်လာပြီး မေးသည်။

"အိမ်ကနေ ထွက်ပြေးသွားတဲ့ ကောင်မလေးရဲ့အဘွား ဖုန်းနံပါတ်ကို ရှာနေတာပါမေမေ။ ဒါပေမဲ့ သူ့နာမည်က ဖုန်းစာအုပ်ထဲမှာ မပါဘူး"

"ဒါပေမဲ့ ပီတာ မင်းတို့ သူ့အိမ်ကို ဖုန်းဆက်ပြီး သူ့မြေးမလေး အကြောင်းကို မေးလို့မဖြစ်ဘူးလေ"

"သားတို့ ဖုန်းဆက်မေးမလို့ မဟုတ်ပါဘူး မေမေ။ သားနဲ့ ဂျက် သူ့ဆီ သွားတွေ့မလို့ပါ။ သူ့လိပ်စာကို မသိလို့"

"အဲဒါ မေမေ သိတယ်ကွယ့်။ သူက မကြာမကြာ ဘဲလင်းရွာ အမျိုးသမီးရိပ်သာအတွက် အထည်ဟောင်းတွေ ရောင်းပေးတယ်။ ပြီးခဲ့တဲ့အပတ်ကပဲ မေမေ့ဆီ စာရေးပြီး အဝတ်ဟောင်းတွေ တောင်း သေးတာပဲ"

"အထည်ဟောင်းတွေ ... ဟုတ်လား ... မေမေ။ ဒို ... သားတို့ အတွက် အခွင့်အရေးပါပဲ။ သားတို့ အထည်ဟောင်းတချို့ ယူသွား ပြီး မေမေ ပို့ခိုင်းလိုက်တာလို့ ပြောမယ်လေ။ အဲဒါဆို သူ့မြေးမလေး အကြောင်းကို ပြောပြမှာပဲ။ သားတို့က အဲဒီကောင်မလေးကို လိုက် ရှာကြည့်မလို့ မေမေရဲ့ ဖေဖေ ပြောတဲ့အတိုင်းပေါ့"

"သိပ်ကောင်းတယ်။ မေမေ အထည်ဟောင်းတွေ ပေးလိုက် မယ်။ တကယ်လို့ အဘွားကြီးက အဲလဖ္ဘက်အကြောင်းကို ပြောပြ ချင်စိတ်မရှိဘူးဆိုရင် သားတို့က ယဉ်ယဉ်ကျေးကျေး ဆက်ဆံကြ နော်။ သူ့ကို ဘာမေးခွန်းမှ မေးမနေနဲ့"

"ကောင်းပါပြီ မေမေ။ သားတို့ သူ့ကို ယဉ်ယဉ်ကျေးကျေး ဆက် ဆံပါ့မယ်။ စိတ်ချပါ။ အထည်ဟောင်းတွေ ဘယ်မှာလဲဟင်"

"ဒီသေတ္တာနှစ်လုံးထဲမှာကွယ့်။ ခြင်းထဲထည့်ဖို့ မဆံ့ရင် စက်ဘီး နောက်မြီးမှာတင်ပြီး ချည်သွားကြ။ လိပ်စာက ဘရမ်ဘယ်အိမ်၊ ဘလက်ဘာရီလမ်းသွယ်တဲ့"

ပီတာနှင့် ဂျက်သည် အထည်ဟောင်းများ သယ်ဆောင်ပြီး စိတ် အားတက်ကြွစွာ အလျင်စလို ထွက်ခွာသွားကြ၏။

"ကံကောင်းတာပဲကွ။ အဘွားကြီးကို ဝင်တွေ့ဖို့ အခွင့်ကောင်း ရတာပဲ"

ဟု ပီတာက ပြောသည်။

သူတို့ စက်ဘီးကိုယ်စီ နင်းသွားစဉ် စကင်ပါသည် ဘေးမှနေ၍ ပြေးလိုက်သွား၏။ မကြာမီ ဘဲလင်းရွာသို့ ရောက်ရှိကြပြီး ဘလက် ဘာရီလမ်းသွယ် ဘယ်မှာရှိသည်ကို မေးမြန်းကြည့်ရသည်။

ဘလက်ဘာရီလမ်းသွယ်မှာ ကွေ့ကောက်သော လမ်းသွယ်လေးတစ်ခုဖြစ်၏။ လမ်းသွယ်၏တစ်ဖက်တွင် လယ်ကွင်းများ၊ အခြားတစ်ဖက်တွင် တောအုပ်များ။ ဘရမ်ဘယ်အိမ်မှာ လမ်းသွယ်၏ အဆုံးတွင်ရှိပြီး ဥယျာဉ်ထဲတွင် ကျူးလစ်ပန်းများ၊ လိမ္မော်ရောင်၊ နီညိုရောင် ပန်းများ ပွင့်လန်းလျက် နှစ်သက်စဖွယ် နေရာလေးတစ်ခု ဖြစ်သည်။ ထုံးဖြူသုတ်ထားသည့် နံရံများထက်တွင် နွယ်ပင်များ တွယ်ကပ်တက်နေလေသည်။

"ဒီအိမ်ပဲကွ"

ဝင်းခြံဝတွင် တွေ့ရသည့်အမည်ကိုကြည့်ရင်း ပီတာ ပြောလိုက်၏။

"ဂျက်ရေ၊ မင်းအဝတ်ဟောင်းတွေ ယူခဲ့ကွာ"

ကတ်ထူသေတ္တာနှစ်လုံးအား သယ်ဆောင်လျက် လမ်းလေးအတိုင်း လျှောက်ဝင်လာပြီး အစိမ်းရောင်ဆေးသုတ်ထားသော အိမ်ရှေ့တံခါး၏ဘေးရှိ ခေါင်းလောင်းကို နှိပ်လိုက်သည်။

အတွင်းဘက်မှ ခြေသံ ကြားရပြီးနောက် အပေခံအပေါ်ရုံအင်္ကျီဝတ်ထားသူ အမျိုးသမီးတစ်ဦးက တံခါးကိုဖွင့်ကာ သူတို့နှစ်ယောက်အား စူးစမ်းသောအကြည့်ဖြင့် ကြည့်လေသည်။

သူမသည် အဲလဇ္ဇာဘက်၏အဘွား မဖြစ်နိုင်ပါ။ အတော်ပင် ငယ်ရွယ်လွန်းနေ၏။

"ကျွန်တော်တို့ မစ္စက်ဆွန်းနင်းရောင်းဖို့ အထည်ဟောင်းတွေ ယူလာတာပါ။ သူနဲ့ စကားပြောလို့ရမလား ခင်ဗျာ။ ကျွန်တော့်မေမေ မှာလိုက်တာလေး ပြောချင်လို့ပါ"

"အထဲဝင်ကြလေ"

ဟု ပြောပြီး အမျိုးသမီးသည် ဧည့်ခန်း ကျဉ်းကျဉ်းလေးဆီသို့ ဦးဆောင်ခေါ်သွား၏။

"အဲ ... ဟိုမှာ သေတ္တာတွေကို ချလိုက်ပါ။ မစ္စက်ဆွန်းနင်းကိုတော့ တွေ့လို့မရဘူး။ နေမကောင်းလို့ အိပ်ရာထဲမှာ လှဲနေတယ်။

ငါက သူ့ရဲ့အဖော် မစွဝပ်ဒယ်လို့ ခေါ်တယ်။ ဒါတွေကို မင်းတို့ ယူလာပေးတဲ့အကြောင်း သူ့ကို ငါ ပြောပြလိုက်ပါ့မယ်"

"မြေးအတွက် စိတ်ထိခိုက်လို့ ထင်တယ်။ ကျွန်တော့်မေမေလည်း ကြားရတဲ့သတင်းအတွက် စိတ်မကောင်းပါဘူး"

"အား ... ဟုတ်တယ်။ အဘွားကြီးက တော်တော်စိတ်ထိခိုက်နေတာ။ သူက အဲလဇ္ဇဘက်ကို သိပ်ချစ်တာလေ။ သူ့ဆီ ကလေးမလေးရောက်လာဖို့ပဲ သူမျှော်လင့်နေရှာတယ်။ ပိုက်ဆံခိုးတယ်ဆိုတဲ့စကားကို သူ မယုံနိုင်ဘူး။ ငါကိုယ်တိုင်လည်း မယုံပါဘူး"

ပီတာ - "ဒါဖြင့် ခင်ဗျားက အဲလဇ္ဇဘက်ကို သိတယ်ပေါ့"

"သိတာပေါ့။ သူ့ကို ငယ်ငယ်ကတည်းက သိတာ။ ငါတွေ့ဖူးသမျှကလေးတွေထဲမှာ အတော် သိမ်မွေ့ရိုးသားဖြောင့်မတ်တဲ့ ကလေးတစ်ယောက်ပဲ။ တစ်ခါတစ်ခါတော့ မိုက်ချင်တာပေါ့။ ဒါပေမဲ့ မပြောပလောက်ပါဘူး။ သနားစရာ ကလေးမလေးပါကွယ်။ သူ ပုန်းနေရတယ်ဆိုတာ ငါ တွေးကြည့်လို့တောင် မရပါဘူး"

ဂျက် - "သူ ဒီအနီးနားတစ်ဝိုက်မှာ ရှိနေတယ်လို့ ထင်သလား။ သူ့ကို ဒီမှာတွေ့ခဲ့တယ်လို့ ပြောထားတာ ရှိတယ်နော်"

"အေး ... ဟုတ်တယ်။ အဲဒါထက်ပိုပြီး ဒီအိမ်ကြီးထဲမှာ သူ ရှိနေတယ်လို့ကို ငါ ယုံကြည်တယ်။ (အသံနှိမ့်ပြီး) ငါ ဒီအကြောင်းကို မစွက်ဆွန်းနင်းကို မပြောဖူးသေးဘူး။ ပြောလိုက်ရင် စိတ်သောကရောက်မှာစိုးလို့။ မနေ့ညက ငါ့မုန့်တွေ ပျောက်သွားတယ်။ အသားသွတ်မုန့်တစ်ခုနဲ့ ဘီစကွတ်မုန့်တစ်ဘူးရောပဲ။ ပြီးတော့ နောက်ဖေးခန်း ဆိုဖာပေါ်မှာထားတဲ့ စောင်တစ်ထည်လည်း မရှိတော့ဘူး"

ဤသည်မှာ အမှန်တကယ်သတင်းဖြစ်သည်။ ပီတာသည် ဂျက်အား ကြည့်လိုက်၏။ အဲလဇ္ဇဘက်သည် ဤဝန်းကျင်တွင် သေချာပေါက် ရှိနေရမည်။

ပီတာ - "သူ့အဘွားဆီ လာမနေတာကို ခင်ဗျား ဘယ်လိုထင်သလဲ။ လူတွေဟာ အပြစ်ရှိတယ်လို့ ခံစားမိတဲ့အခါ ပုန်းနေတတ်

ကြတယ်လေ။ ဒါပေမဲ့ ခင်ဗျားပြောတော့ အဲလဗ္ဗဘာက် ပိုက်ဆံခိုးတယ်ဆိုတာကို မယုံဘူးဆို"

"အဲဒါ အမှန်ပဲ။ ငါ မယုံဘူး။ ဒါပေမဲ့ ပိုက်ဆံကို သူ့အံဆွဲထဲမှာ တွေ့ရတာ။ အဲဒီတော့ ဘယ်လိုပြောရမလဲ"

"ဘယ်သူနဲ့ စကားပြောနေတာလဲ အမွှာ။ အဲဒါ ဘယ်သူလဲ"

အပေါ်ထပ်မှ အသံတစ်သံ ပေါ်လာသည်။

"အဲလဗ္ဗဘာက်သတင်းလား ဟေ့"

"အဲဒါ မစ္စက်ဆွန်းနင်းပဲ။ မင်းတို့ သွားကြတော့"

ဟု ပြောပြီး မစ္စဝပ်ဒယ်သည် အပေါ်ထပ်သို့ ချက်ချင်းပြေးတက်သွားလေသည်။ ပီတာက ဂျက်အား ...

"လာဟေ့ ... တို့ သတင်းတွေ အများကြီးရလိုက်ပြီ။ တနင်္လာနေ့ကျမှ တစ်ခေါက်ပြန်လာကြတာပေါ့။ ငါ အထည်ဟောင်း တစ်သေတ္တာလောက် ရအောင်စုလိုက်ဦးမယ်။ ရရင် မစ္စဝပ်ဒယ်ဆီ ယူသွားပြီး နောက်ထပ် သတင်းနှိုက်ကြည့်ရမှာပဲ။ နောက်ထပ် စောင်တစ်ထည်၊ မုန့်တစ်လုံး ထပ်ပျောက်ချင်ပျောက်နေမှာ။ လာဟေ့ ... စကင်ပါ၊ တို့အလုပ် အောင်မြင်သွားပြီ"

◆

# [ ၅ ]
# ပန်နှင့် ဘာဘာရာ လူပျောက်ရှာပုံတော်ဖွင့်ခြင်း



ပန်နှင့် ဘာဘာရာတို့သည် အလုပ်များနေကြ၏။ ယောကျ်ားလေးများနှင့် ဂျနက်က တောပိုင်းတစ်နေရာတွင် စူးစမ်းရှာဖွေနေကြစဉ် ပန်နှင့် ဘာဘာရာက ဘဲလင်းရှာ အရှေ့ဘက်ရှိ တောအုပ်နှင့် လယ်ကွင်းထဲတွင် စူးစမ်းရှာဖွေရန် စီစဉ်ထားလေသည်။

"အဲဒီလယ်ကွင်းထဲမှာ တင်းကုပ်ဟောင်းတစ်ခု ရှိတယ်။ အဲဒီမှာ တစ်ယောက်ယောက် ရောက်များနေသလားဆိုတာ ငါတို့ သွားကြည့်ရအောင်"

တောင်ကုန်းပေါ်သို့စက်ဘီးနင်းတက်ရင်း ဘာဘာရာ ပြောလိုက်သည်။ ဂိတ်ပေါက်တစ်ခုတွင် စက်ဘီးများကို ထားရစ်ခဲ့ကြပြီး ဂိတ်ပေါက်ကို ကျော်ကာ လယ်ကွင်းထဲသို့ ဝင်သွားကြ၏။ တင်းကုပ်မှာ ကောင်းစွာ ပြုပြင်ထားလေသည်။ သော့ကို ခတ်ထား၏။

ပန် – "ဟာ … သော့ကြီးခတ်လို့။ ဘယ်လိုကြောင့်များပါလိမ့်။ လယ်ကွင်းထဲက တင်းကုပ်ဆိုတာ သော့ခတ်ထားလေ့ မရှိပါဘူး။ တို့ အထဲကို ဘယ်လိုလုပ်ပြီး ကြည့်လို့ရတော့မှာလဲ ဘာဘာရာ"

"ဒီဘက်ခြမ်းမှာ ပြတင်းပေါက်လေးတစ်ခု ရှိတယ်။ ဒါပေမဲ့ အဲဒီကနေ ချောင်းကြည့်ဖို့ တို့အရပ်နဲ့မမီဘူး။ ငါတို့ သော့ပေါက်ကနေ ချောင်းကြည့်ကြရအောင်"

သော့ပေါက်မှ ချောင်းကြည့်ကြသော်လည်း မှောင်မည်းနေသောကြောင့် မည်သည့်အရာဝတ္ထုကိုမျှ မမြင်ကြရပါ။ ပန်သည် ဂိတ်ပေါက်မှ စက်ဘီးကိုယူပြီး ဘာဘရာအား ကိုင်ခိုင်းထားကာ စက်ဘီးကုန်းနှီးပေါ်သို့ တက်ကြည့်ရန် စီစဉ်လေသည်။

ထိုသို့ တက်ကြည့်မည့်ဆဲဆဲတွင် ကျယ်လောင်စွာ အော်ဟစ်လိုက်သည့် အသံတစ်သံကြောင့် ပန်မှာ ဟန်ချက်ပျက်ပြီး စက်ဘီးထက်မှ လိမ့်ကျသွား၏။

"ဟိတ် ... မင်းတို့ ဘာလုပ်နေကြတာလဲ"

ပန်နှင့် ဘာဘရာ အသံကြားရာဆီသို့ လှည့်ကြည့်လိုက်ရာ သူတို့ထံ ဦးတည်ပြီး မြင်းတစ်စီးအား ဆွဲခေါ်လာသည့် ယာသမားတစ်ယောက်ကို တွေ့လိုက်ရလေသည်။

"ကျွန်မတို့ တင်းကုပ်ထဲမှာ ဘာတွေရှိသလဲလို့ ကြည့်တာပါ။ ဘာမှ အနှောင့်အယှက်ပေးဖို့ မဟုတ်ပါဘူး"

ဟု ကြောက်ကြောက်ရွံ့ရွံ့ ဖြေလေသည်။

"အေး ... ဒါဟာ ငါ့ရဲ့ကိရိယာတန်ဆာပလာတွေ သိမ်းဆည်းတဲ့ တင်းကုပ်ပဲကွ။ မစပ်စုကလေးတွေ ပြန်ကြတော့။ ပုလိပ်ကို ငါ မခေါ်ခင် ထွက်သွားကြတော့"

ပန်နှင့် ဘာဘရာသည် စက်ဘီးများကို ဒုန်းစိုင်းစီးကာ လယ်ကွင်းထဲမှထွက်ခွာလာခဲ့ကြသည်။ မြေစိုင်ခဲ၊ ရွှံ့ခဲများအပေါ်မှစက်ဘီးကို နင်းလာရခြင်းဖြစ်သည်။

"ဟူး ... တော်တော်ဘုကျတဲ့ လူကြီး"

"နောက်တင်းကုပ်တစ်ခုကို တွေ့လို့များ တို့ ကြည့်တော့မယ်ဆိုရင် သတိထားမှပေါ့။ ဟာ ... ဟိုမှာကြည့်စမ်း၊ ရထားလုံးအလွတ်တစ်စီး၊ တွေ့လား လယ်ကွင်းထဲမှာ။ ဒါဟာ တစ်ယောက်ယောက်

ပုန်းအောင်းနေဖို့ ကောင်းတဲ့နေရာပဲ။ ဒီတစ်ခါတော့ ဘုရားသိကြား မလို့ တို့ သတိထားမှ ဖြစ်မယ်။ နင် အထဲကို ကြည့်နေတုန်း ငါ စောင့် ပေးမယ်။ မြန်မြန်လုပ်"

ဟု ပန်သည် စက်ဘီးနင်းရင်း ပြောလာ၏။

ရထားလုံးအဟောင်းကြီးနားတွင် ပန်သည် မတ်တတ်ရပ်ပြီး စောင့်ကြပ်ပေးလျက် ရှိ၏။ ရထားလုံးမှာ ကျိုးပျက်နေကာ ကာလ ကြာမြင့်စွာ လူနေထိုင်ခဲ့ပုံ မပေါ်ပေ။

ဘာဘရာသည် သတိထားပြီး ရထားလုံး လှေကားထစ်များပေါ် သို့ တက်ကာ အတွင်းသို့ ကြည့်လိုက်၏။

စိတ်အားတက်ကြွစွာဖြင့် ပန်အား ဘာဘရာ လက်ယပ်ခေါ် လိုက်သည်။

"ပန်ရေ၊ ဒီမှာ တစ်ယောက်ယောက်နေတာ ဖြစ်မယ်ကွ။ စောင် နှစ်ထည်ရယ်၊ သံဖြူမတ်ခွက်တစ်လုံးရယ်၊ ပန်းကန်ပြားတစ်ချပ်ရယ် တွေ့တယ်။ လာကြည့်စမ်း"

လှေကားထစ်ပေါ်သို့ ပန် တက်ကြည့်လိုက်သည်။

"ဟင်း ... ဆိုးလိုက်တဲ့ အနံ့ကွာ။ ပြန်ဆင်းခဲ့တော့ ဘာဘရာ။ နင်ဆိုရင် ဒီလိုနေရာမျိုးမှာ ပုန်းမနေပါဘူး။ တခြား ဘယ်ကျောင်းသူ လေးမှလည်း မပုန်းပါဘူး။ ငါတော့ အန်တောင် အန်ချင်လာပြီကွ"

"အေး ... နင်ပြောတာ မှန်တယ်။ ငါဆိုရင် ဒီလိုနေရာမျိုးမှာ အိပ် မယ့်အစား မြောင်းထဲမှာ ဆင်းအိပ်လိုက်တော့မယ်။ လာ ... သွားကြ မယ် ပန်။ တို့အလုပ် တို့ဆက်လုပ်ကြရအောင်။ ဒီမွန်းလွဲပိုင်းမှာ တခြားလူတွေကို သတင်းပြန်ပို့ဖို့ အချက်အလက်တွေ အများကြီး ရထားမှ ဖြစ်မယ်ကွ"

သူတို့ စက်ဘီးနင်းလာကြရင်း ပုန်းအောင်းဖို့ကောင်းသည့် နေရာများကို တစ်လျှောက်လုံး ကြည့်လာခဲ့ကြသည်။ သို့သော် လမ်း အလုပ်သမား၏ တဲတစ်တဲမှလွဲ၍ အခြားနေရာများကို သူတို့ မမြင် ကြပါ။ လမ်းအလုပ်သမားသည် တဲထဲတွင် မတ်တတ်ရပ်လျက်

သရေစာ စားနေသည်ကို မြင်သဖြင့် အဆိုပါတဲတွင် သူတို့ မရပ်နား ကြတော့။

"တောထဲသွားရှာရင် ဘယ့်နှယ်လဲ"

နောက်ဆုံးတွင် ပန်က မေးလိုက်သည်။

"တောထဲမှာ ဆူးချုံတွေ အများကြီးရှိတယ်။ အဲဒီကို သွားကြရင် ကောင်းမယ်ထင်တယ်။ တို့ အချိန်တစ်နာရီလောက် ရသေးတာပဲ"

သို့နှင့် ပန်နှင့် ဘာဘရာ တောထဲသို့ ဝင်သွားကြသည်။ စက်ဘီး များကို သစ်ပင်တစ်ပင်တွင်မှီပြီး ထောင်ထားရစ်ခဲ့ကြ၏။

"တတ်နိုင်သလောက် အသံမပြည်စေနဲ့နော်"

ဟု ပန်က တီးတိုးပြောသည်။

"နင်က ဟိုလမ်းကသွား၊ ငါက ဒီလမ်းကသွားမယ်။ စိတ်ဝင်စား စရာ တစ်ခုခုတွေ့ရင် လေနစ်ခါ ချွန်လိုက်။ ကြားလား"

ပန်သည် တောထဲသို့ တိတ်တဆိတ်ဝင်သွားပြီး သစ်ပင်များ၊ ချုံပုပ်များအား သေချာစွာ ကြည့်ရှုလေသည်။ သို့သော် စိတ်ဝင်စား စရာဟူ၍ ဘာတစ်ခုမျှ မတွေ့ပါ။ ပန်က စီးကရက်ဘူးခွံတစ်ခုတွေ့ပြီး ဘာဘရာက ညစ်ပတ်နေသော လက်ကိုင်ပဝါတစ်ထည်ကို တွေ့ရ သည်။ လက်ကိုင်ပဝါပေါ်တွင် "ဂ.ပ" အမှတ်အသား ပါရှိ၏။

သို့သော် ပန်ရော ဘာဘရာပါ သူတို့၏ ရှာဖွေခြင်းနှင့်ပတ်သက် သည်ဟု မယူဆကြပါ။ အ - မ - ဝ - ဆ ဆိုသော အမှတ်အသား လက်ကိုင်ပဝါပေါ်တွင်ပါရှိလျှင် မည်မျှပျော်စရာကောင်းလိုက်မလဲ။

ထို့နောက် ပန်သည် ရုတ်တရက်ဆိုသလို ဘာဘရာအား လှမ်း ကိုင်လိုက်ပြီး တီးတိုးပြောလိုက်သည်။

"ငြိမ်ငြိမ်နေ၊ တစ်ယောက်ယောက် လာနေတယ်။ မိန်းကလေး တစ်ယောက်ပဲကွ၊ ကြည့်စမ်း"

ချက်ချင်းပင် သူတို့နှစ်ယောက်သည် ချုံပုတ်တစ်ခုအတွင်းသို့ တွားဝင်လိုက်ကြပြီး ချုံနွယ်သစ်ခက်များအား ဖယ်ရှားကာ ချောင်း ကြည့်ကြ၏။ အမှန်ပင် လာနေသူမှာ ကျောင်းသူမလေးတစ်ယောက်

ဖြစ်လေသည်။ အပြာရောင်ဝတ်စုံလေး ဝတ်ထားလျက် လမ်းလေး အတိုင်း သူတို့ရှိရာ ချုံပုတ်ဆီသို့ လျှောက်လှမ်းလာနေ၏။

"ငြိမ်ငြိမ်နေ။ ပြီးတော့ တို့ သူ့နောက်ကို လိုက်ကြည့်မယ်။ ဒါ တို့ ရှာနေတဲ့ ကောင်မလေးဖြစ်မှာ သေချာတယ်ကွ"

ဟု ပန်က တီးတိုး ပြော၏။

ကောင်မလေးသည် ဦးထုပ်ကို ခပ်စိုက်စိုက် ဆောင်းထားသဖြင့် မျက်လုံးများကို ဖုံးအုပ်လုနီးနီး ဖြစ်နေသည်။ သူသည် ဝှံ့ဝှံ့စားစား လျှောက်လာပြီး ချုံပုတ်ဆီသို့ အရောက်တွင် ချုံပုတ်ပေါ်သို့ ကိုယ်ကို ပစ်လှဲချလိုက်ရာ ပန်နှင့် ဘာဘရာကိုပင် ဖိမိတော့မတတ် ဖြစ်သွား သည်။ ကောင်မလေးသည် ဝါးဟားဟားဟားဟု ရယ်မောလိုက်၏။

"အို ... စူစီပဲ။ ဂျက်ရဲ့ညီမ ငရှုပ်မလေး စူစီပဲ"

ဟု ဘာ ဘရာက မခံမရပ်နိုင်စွာ အော်ပြောသည်။

"စူစီ၊ နင်လုပ်တာ တို့ အပေါ်ကိုတောင် ဖိမိတော့မလို့။ ဘာကိစ္စ ဒီလိုလုပ်ရတာတုံးဟဲ့"

"နင်တို့က ငါ့အပေါ် ခုန်အုပ်မလို့ ပုန်းနေကြတာ မဟုတ်လား။ နင်တို့ ချုံပုတ်ထဲ ဝင်သွားတာ ငါ မြင်လိုက်တယ်"

"ငါတို့က နင့်အပေါ် ခုန်အုပ်ဖို့ စောင့်နေတာ မဟုတ်ဘူးဟဲ့"

ဟု ပန်က ပြန်ပြော၏။

"ဒါဖြင့် နင်တို့က ဘာလုပ်နေကြတာလဲ။ လာပါ ... ငါ့ကို ပြောပြ စမ်းပါ"

◆

[ ၆ ]

## မြင်းဇောင်းတွင်



ပန်နှင့် ဘာဘာရာတို့သည် စူစီအား စူးစူးဝါးဝါး ကြည့်လိုက်ကြ၏။ စူစီလုပ်ပုံမှာ သူတို့အား နှောင့်ယှက်သလို ဖြစ်နေသည်။ ပန်သည် ပခုံးကို ပွတ်နေ၏။

"နင် ငါ့ကို အရှုံးထင်အောင် လုပ်တယ်။ နင့်ကို ငါတို့ ဘာမှ ပြောမပြဘူး"

"ဒါဟာ ကလေးစုံထောက် ၇ ယောက်အဖွဲ့နဲ့ ပတ်သက်တဲ့ကိစ္စမဟုတ်လား။ ဆက်လုပ် ဆက်လုပ်။ ဒီကိစ္စကို ငါ သိပါတယ်။ နင်တို့ အမှုတစ်ခုနောက်ကို လိုက်နေတာဖြစ်မယ်။ ဟုတ်တယ် မဟုတ်ဘူးလား။ ဂျက်က ငါ့ကို ဘာမှမပြောဘဲ ထွက်သွားတယ်။ ငါ့ကို ပြောပြစမ်းပါ။ ငါ နင်တို့ကို ကူညီမှာပေါ့"

"မပြောဘူး။ တို့ လျှို့ဝှက်ချက်ကို တို့ဘာသာ ထိန်းထားရမယ်" ဟု ပန်က ပြောသည်။

"ကောင်းပြီလေ။ ဒါဖြင့်ရင် ငါ ဂျက်ဆီမှာ မေးကြည့်လိုက်မယ်" ဟု ပြောပြီး စူစီထွက်သွားသည်။ ဦးထုပ်ကို ဆွဲချလိုက်သေးသည်။

"သွားပြီပေါ့။ ငါ့ကို စောင့်ချောင်းမနေနဲ့ဦး"

"သူက တို့ အမှုတစ်ခုနောက် လိုက်နေတယ်ဆိုတာ သိနေတယ်။ သူက သိပ်ပါးတော့ ဘာအကြောင်းလဲဆိုတာ သိသွားမှာပဲ"

ဟု ဘာဘာရာ ပြောသည်။ ပန်က နာရီကိုကြည့်ပြီး ...

"အချိန်ကလည်း ကုန်လွယ်လိုက်တာ။ နောက်ထပ်နေရာတချို့မှာ တို့ ရှာကြည့်ပြီးရင် အိမ်ပြန်ကြမယ်"

ထို့နောက် သစ်ခေါင်းတစ်ခုအား သူတို့တွေ့သည်။ အိမ်မှ ထွက်ပြေးသည့် မိန်းကလေးတစ်ယောက်အတွက် ပုန်းအောင်းရန် ကောင်းသည့်နေရာအဖြစ် သူတို့ ယူဆကြ၏။

"ငါတို့ ပုန်းစရာနေရာ လိုအပ်ရင် ဒီနေရာကို မှတ်ထားရမယ်။ အခု အိမ်ပြန်ကြရအောင်။ စူစီအကြောင်းကလွဲလို့ အစည်းအဝေးမှာ တင်ပြစရာ မရှိဘူး။ ဒါပေမဲ့ ငါတို့လည်း အကောင်းဆုံးတော့ ကြိုးစားလုပ်ခဲ့တာပဲလေ။ ကိုလင်တော့ ဘယ်လိုနေမလဲ မသိဘူး။ သူက ယာတောတွေနဲ့ ကျီတွေထဲမှာ လိုက်ရှာနေမှာ"

ဟု ဘာဘာရာက ပြော၏။

"ဂျော့နဲ့ ဂျနက်တို့လည်း မြင်းဖောင်းတွေကို သွားကြတယ်။ သူတို့ကမှ ကောင်းဦးမယ်။ မြင်းဖောင်းတွေကို ငါသိပ်သဘောကျတာ"

◆

ဂျော့နှင့် ဂျနက်တို့က သူတို့လုပ်ရသော အလုပ်ကို ပျော်စရာကောင်းသည်ဟု ထင်ကြသည်။ သူတို့သည် အနီးဝန်းကျင်ရှိ မြင်းဖောင်းများဆီသို့ လိုက်လံကြည့်ရှုကြ၏။ မြင်းဖောင်းသုံးခုရှိကြောင်း တွေ့ရလေသည်။

"ဘဲလင်းမြင်းဖောင်းရယ်၊ ဝါနာမြင်းဖောင်းရယ်၊ တစ်ထရီး မြင်းဖောင်းရယ် ... မြင်းဖောင်းသုံးခု ရှိတယ်။ မြင်းဖောင်းသုံးခုလုံး တို့ သွားကြည့်ကြမလား။ ဘယ့်နှယ်လဲ"

ဟု ဂျနက်က မေး၏။

သို့ဖြင့် ဂျော့နှင့် ဂျနက်တို့ စက်ဘီးများစီးကာ ထွက်သွားကြသည်။ ထုံးစံအတိုင်းပင် သူတို့စိတ်ထဲမှာ ကလေးစုံထောက် ၇ ယောက်အဖွဲ့၏ တာဝန်များကို ဆောင်ရွက်ရင်း ရေးကြီးခွင်ကျယ် ခံစားနေကြရသည်။

အရင်ဆုံး တစ်ထရီးမြင်းဇောင်းသို့ သူတို့ ရောက်ရှိကြသည်။ မြင်းဇောင်းပိုင်ရှင်မှာ သူမဖခင်၏ မိတ်ဆွေတစ်ယောက်ဖြစ်ခြင်းကြောင့် ထိုသူအား ဂျနက် သိလေသည်။

မြင်းဇောင်းပိုင်ရှင်သည် မြင်းတစ်ကောင်အား ပွတ်သပ်နေရင်းမှ ဂျနက်နှင့် ဂျော့အား ပြုံးပြလိုက်၏။

"ငါ့မြင်းတွေကို လာကြည့်တာလားဟေ့။ ဒီမှာ ငါ့ရဲ့ မြင်းပေါက်ကလေးလေ။ ကြည့်စမ်းပါဦး။ မြင်းပေါက်မလေးရဲ့ နာမည်က ဆေးဗားစတတ်တဲ့ကွယ့်။ ဝဝကစ်ကစ်လေးနော်"

ဂျော့နှင့်ဂျနက်တို့မှာမြင်းပေါက်ကလေးကိုချစ်မိသွားကြသည်။ ဂျနက်က ...

"ကျွန်မ မြင်းဇောင်းမှာ အလုပ်လုပ်ချင်တယ်။ ဒီမှာ ကျောင်းသူလေးတွေကို ဦးဦးလက်ခံသလားဟင်။ ကျောင်းပိတ်ရက်အတွင်း မပေါ့မစွတာ တစ်ထရီးရှင့်"

မြင်းဇောင်းပိုင်ရှင်က ရယ်မောလေသည်။

"လက်မခံဖူးဘူးကွယ့်။ ငါ့မိန်းမနဲ့ သမီးနှစ်ယောက်က ငါ့ကို အများကြီး ကူညီကြတယ်။ သူတို့အားလုံး မြင်းနဲ့ပတ်သက်လာရင် အရူးအမူးပဲ။ လုပ်စရာရှိတာ အားလုံး သူတို့ပဲလုပ်ကြတယ်။ ဒီမြင်းဇောင်းဟာ မိသားစုပိုင်မြင်းဇောင်း စစ်စစ်ပဲကွယ့်။ ဘာဖြစ်လို့လဲ၊ မင်း ဒီမှာလာပြီး ကူညီညာလုပ်ပေးချင်လို့လား။ မင်းအဖေမှာ မင်းနဲ့ အတူ ကစားဖို့ မြင်းတွေ အများကြီးရှိတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ရှိပါတယ် ဦးဦး။ တကယ်လို့ ဦးဦးက မြင်းဇောင်းထဲမှာ မိန်းကလေးတွေကို အလုပ်ပေးတယ်ဆိုရင် လုပ်ချင်တဲ့သူတွေရှိလို့ မေးကြည့်တာပါ"

"ဂျနက်ရေ၊ သွားစို့ကွာ"

ဟု ဂျော့က ပြောလိုက်သည်။ မစ္စတာတစ်ထရီးထံမှ သတင်းထူးမရနိုင်ဟု ယူဆသောကြောင့်ဖြစ်၏။ ဤမြင်းဇောင်းတွင် အိမ်မှထွက်ပြေးလာသော မိန်းကလေးတစ်ယောက်အဖို့ အလုပ်မရနိုင်ကြောင်း သိသာပေသည်။

"မြင်းပေါက်စလေးကို ပြတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင့်။ မြင်းမလေးအကြောင်း ဖေဖေ့ကိုလည်း ပြောပြလိုက်ပါဦးမယ်။ ဖေဖေ စိတ်ဝင်စားမှာပါ"

သူတို့နှစ်ဦးသား စက်ဘီးကိုယ်စီဖြင့် ပြန်ထွက်လာကြပြန်သည်။

"တို့ ဒီကနေ ဝါနာရဲ့ မြင်းဇောင်းကို သွားရအောင်။ အဲဒါက အဘွားကြီးအိမ်နဲ့ သိပ်မဝေးလှဘူး။ အဲလဇ္ဇဘက်ဆွန်းနင်း ပုန်းမယ်ဆိုရင် ပုန်းနေဖို့ကောင်းတဲ့ နေရာတစ်ခုပဲ။ အဲဒီမှာ သူ အလုပ်ရချင်လည်း ရနေလိမ့်မယ်"

ဂျနက် - "ဒီလို နီးနီးနားနား နေရာမျိုးတွေမှာ သူ ရှိနေနိုင်ပါ့မလား။ သူ့ကို မှတ်မိသွားကြမှာပေါ့။ ရွာရဲ့ဟိုဘက်က ဘဲလင်း မြင်းဇောင်းမှာဆိုရင် ဟုတ်တုတ်တုတ် ရှိသေးတယ်။ ကဲပါလေ … တို့ ဝါနာရဲ့မြင်းဇောင်းကိုပဲ သွားလိုက်ပါတော့မယ်"

နောက်ထပ်တောင်ကုန်းတစ်ခုပေါ်ရှိ မြင်းဇောင်းဆီသို့ စက်ဘီးဖြင့် နင်းတက်သွားကြသည်။ အောက်ဘက်တွင် အပြောကျယ်သော လယ်ကွင်းများနှင့် ယာခင်းများ။

ဝါနာ၏မြင်းဇောင်းမှာ ကျယ်ဝန်းပြီး အလုပ်များနေပုံရသည်။ မြင်းအချို့မှာ စီးနင်းသူများနှင့်အတူ ထွက်သွားကြသည်ကို မြင်ရ၏။ မြင်းအချို့က မြင်းဇောင်းထဲသို့ ပြန်ဝင်လာကြသည်။ ဂျော့နှင့် ဂျနက်အား မည်သူမှ သတိမပြုမိကြပါ။

ဂျနက် - "တို့အနီးအနားမှာ နည်းနည်းလေ့လာကြည့်ရအောင်။ မြင်းဇောင်းအလုပ်သမလေးတွေတွေ့ရင် သေသေချာချာ ကြည့်မယ်နော်"

"အဲလဖ္ဗာဘက်က မြင်းဇောင်းမှာအလုပ်လိုချင်ရင်မြင်းစီးအဝတ်တန်ဆာတွေ ဝတ်ထားရမှာ မဟုတ်ဘူးလား။ တို့ သိထားတာက သူထွက်ပြေးတော့ ကျောင်းဝတ်ကျောင်းစားနဲ့တဲ့။ သူ့မှာ တခြားအဝတ်အစား ပါမသွားဘူးတဲ့"

"ဟုတ်တယ်။ သူ မြင်းဇောင်းက ဂှားဝတ်မှာပဲ ထင်ပါရဲ့။ ဟိုမှာကြည့်စမ်း။ မြင်းဇောင်းအလုပ်သမတစ်ယောက် တွေ့လား။ သန့်ရှင်းရေးလုပ်နေတာ"

ဂျော့နှင့် ဂျုနက် ရပ်ပြီး မြင်းဇောင်းအလုပ်သမလေးအား စူးစိုက်ကြည့်ကြသည်။ အလုပ်သမလေးက သူတို့ကို ကျောခိုင်းထား၏။ တစ်စုံတစ်ခုအားယူဖို့ အလုပ်သမလေးကိုယ်ကို လှည့်လိုက်သည့်အခါ အဲလဖ္ဗာဘက် မဟုတ်မှန်း သိလိုက်ကြသည်။

ဂျုနက်က စိတ်ပျက်လက်ပျက်ဟန်ဖြင့် ...

"ထွားလွန်းလှတယ်ဟာ။ ကြည့်စမ်း၊ ဟိုမှာ မြင်းဇောင်း အလုပ်သမား ကောင်လေးနှစ်ယောက် သူတို့ဆီသွားပြီး စကားပြောကြည့်ရအောင်။ တို့ မသိသေးတာတွေ သိလာနိုင်တယ်"

◆

## [ ၇ ]
## တွမ့်ထံမှ သတင်းရခြင်း



မြင်းများနှင့် မြင်းစီးသမားများအကြားမှ လမ်းထွင်၍ ကောင်လေးနှစ်ယောက်ရှိရာသို့ ဂျော့နှင့် ဂျနက် ဝင်သွားကြသည်။ ကောင်လေးတစ်ယောက်မှာ ကျောပေါ်တွင် ကြီးမားသော ကောက်ရိုးစည်းကြီး တစ်စည်းကို သယ်ဆောင်လာ၏။

အခြားကောင်လေးတစ်ယောက်က မြင်းပုလေးတစ်ကောင်၏ အနီးတွင် မိန်းကလေးတစ်ဦးအား အကူအညီပေးလျက် ရှိ၏။ ဂျော့နှင့် ဂျနက်တို့အား သူတို့ အမှတ်မထားမိကြပါ။

"ဟဲလို ... ဂျနက်"

ဟု မိန်းကလေးက နှုတ်ဆက်လိုက်သဖြင့် ဂျနက် အံ့ဩပြီး လှည့်ကြည့်လိုက်သည်။ ဟီလ်ဒါပါလား။ ဟီလ်ဒါနှင့် ဂျနက်မှာ တစ်ကျောင်းတည်း တက်နေသူများဖြစ်ပြီး ဟီလ်ဒါက ဂျနက်ထက် နှစ်နှစ်လောက် အသက်ငယ်သည်။

"ဟဲလို ... ဟီလ်ဒါ"

ဂျနက်က ဝမ်းသာအားရပြန်နှုတ်ဆက်လိုက်၏။ သို့ဖြင့် ဂျော့နှင့် ဂျနက်တို့သည် ဟီလ်ဒါ့ထံ အလည်အပတ် လာရောက်သူများ ဖြစ်သွားတော့သည်။

"ကျေးဇူးပဲ တွမ်"

ဟီလ်ဒါက သူ့အား ကူညီနေသည့် ကောင်လေးကို ပြောလိုက်၏။ ကောင်လေးက မြင်းပုလေးကို အနီးအနားရှိမြင်းဇောင်းတစ်ခုသို့ ဆွဲခေါ်သွားသည်။ သူ့နောက်သို့ ဟီလ်ဒါ လိုက်ပါသွားရာ ဟီလ်ဒါနှင့် အတူ ဂျော့နှင့် ဂျနက်လည်း ပါသွားလေသည်။

"ငါက ဟိုကောင်လေးတစ်ယောက်ကို သဘောအကျဆုံးပဲ။ ဟိုကောင်လေးက ငါ့ကို စကားပြောတယ်။ ဒီကောင်လေးကတော့ ငါ့ကို စကားမပြောဘူး။ လာ ... ငါ့မြင်းပုလေးကို သကြားကျွေးတာ လိုက်ကြည့်လှည့်ဦး။ မြင်းပုလေးက ချစ်စရာလေးဟဲ့"

တွမ်နှင့် မြင်းပုလေးနောက်သို့ သူတို့ လိုက်သွားကြသည်။ အခြားကောင်လေးမှာ သူ့ကောက်ရိုးစည်းကြီးဖြင့် သူတို့သွားနေကြသည့် မြင်းဇောင်းထဲသို့ပင် ဝင်သွားပြီး ကောက်ရိုးများကို ကြမ်းပေါ်တွင် ဖြန့်ခင်းနေလေသည်။ သူသည် အလုပ်လုပ်ရင်း လေချွန်လျက်ရှိနေ၏။ သူ့မျက်လုံးများထဲတွင် ပျော်ရွှင်မှုအရိပ်အယောင်များကို မြင်နေရသည်။

"နင်က ဒီကောင်လေးနဲ့ ပြော။ ငါက ဟိုကောင်လေးနဲ့ ပြောမယ်"

ဂျော့က ဂျနက်အား တီးတိုးပြောလိုက်သည်။

"ဟီလ်ဒါနဲ့လည်း ပြောပါ။ မြင်းဇောင်းမှာ အလုပ်လုပ်တဲ့ နောက်ထပ် ကောင်မလေးတစ်ယောက်ယောက် ရှိနေသေးလား။ ဒါမှမဟုတ်ရင် သူစိမ်းကောင်မလေးတစ်ယောက်ယောက်ကို ဒီအနီးအနားမှာ မြင်ဖူးလားဆိုတာ မေးကြည့်ပေါ့"

"အေး ... ဟုတ်ပြီ"

ဟု ပြောပြီး ဂျနက်သည် တွမ်နှင့် ဟီလ်ဒါထံသို့ လျှောက်သွား၏။

"မြင်းတွေနဲ့ အလုပ်လုပ်ရတာ ပျော်စရာကောင်းမယ်နော်"

မြင်းပုလေးအား နံရံတွင် ကြိုးချည်နေသည့် ကောင်လေးကို ဂျနက် စကားစလိုက်သည်။ ကောင်လေးက ခေါင်းညိတ်ပြ၏။

"မဆိုးပါဘူး"

ဟု သူပြန်ပြောသည်။

"တချို့ကောင်မလေးတွေက ကောင်လေးတွေထက် မြင်းစီး ပိုကောင်းကြတယ်နော်။ ဒီမှာ နင်နဲ့ ဟိုကောင်လေးအပြင် တခြား ကောင်လေးတွေကို မတွေ့ရဘူး။ တခြားကောင်လေးတွေကော ရှိသေးလားဟင်"

"မရှိဘူး။ တို့ နှစ်ယောက်တည်းပဲ"

ဟု ပြောပြီး ဟီလ်ဒါနှင့် ဂျနက်အား ကျောပေးကာ အလုပ်ကို ဆက်လုပ်နေလေသည်။ ထိုကောင်လေးမှာ နည်းနည်းရိုင်းသည်ဟု ဂျနက် တွေးမိ၏။ ဟီလ်ဒါကလည်း ဤအတိုင်းပင် အထင်ရှိလေ သည်။

"သူက ဒီလိုပဲပဲ"

ဂျနက်အား ဟီလ်ဒါ တီးတိုးပြောလိုက်၏။

"ဟိုကောင်လေး ဟယ်ရီဆိုတာကတော့ စိတ်ရှည်တယ်။ သူ့ကို မေးရင် ကောင်းကောင်းမွန်မွန် ပြန်ဖြေတယ်။ ကြည့်ပါလား ... ဂျော့နဲ့ များ စကားပြောနေလိုက်တာ မိတ်ဟောင်းဆွေဟောင်းတွေကျလို့"

ဂျော့သည် ဟယ်ရီနှင့် စကားလက်ဆုံကျနေ၏။

"ဒီမှာ အလုပ်သမလေးတွေ အများကြီးရှိလား"

တုတ်ခိုင်သန်စွမ်းသော ဟယ်ရီက ခေါင်းခါ၏။

"တစ်ယောက်တည်းပဲ ရှိတယ်။ သူက ဟိုမှာလေ။ တစ်မြန်နေ့ ကတော့ ကောင်မလေးတစ်ယောက် အလုပ်လာတောင်းဖူးတယ် ကွ။ ဒါပေမဲ့ မစ္စတာဝါနာက ချက်ချင်းပဲ ပြင်းလွှတ်လိုက်တယ်။ ဘာ ကြောင့်လဲဆိုတော့ သူက မင်းလောက်ပဲ ရှိသေးလို့ပဲ။ ဒါတောင် ကောင်မလေးက ပြောသေးတယ်။ ဒီမြင်းကြီးကို သူ့လက်နဲ့မပြီး ရှေ့ နိုင်ပါတယ်တဲ့"

ဂျော့သည် သူ့နားများကို စွင့်ထားလေသည်။ အလုပ်လာ တောင်းသည်ဆိုသော မိန်းကလေးကို သူ စိတ်ဝင်စားမိတော့သည်။ အဲလဇ္ဇဘက်များ ဖြစ်နိုင်မလား။

"အဲဒီကောင်မလေးက ဘယ်လိုပုံမျိုးလဲကွ"

ဟု ဂျော့ မေးလိုက်၏။ ဟယ်ရီသည် အခြားကောင်လေးကို လှမ်းခေါ်လိုက်၏။

"ဟော့ … တွမ်၊ တစ်မြန်နေ့က အလုပ်လာတောင်းတဲ့ ကောင်မလေးဟာ ဘယ်လိုပုံလဲကွ"

"မျက်လုံးညိုညိုလား"

ဟု ဂျော့က အငမ်းမရ မေးလိုက်၏။

"ဆံပင်နက်နက်၊ အဲ့ကောင်းကောင်းလား။ ပြီးတော့ သူ့လက်မောင်းတစ်ဖက်ပေါ်က အမာရွတ်ကိုကော မြင်လိုက်မိသလား"

တွမ်သည် ဂျော့အား စေ့စေ့ကြည့်ပြီး …

"အဲဒီကောင်မလေးက မင်းရဲ့သူငယ်ချင်းမို့လို့လား"

"အား … သူငယ်ချင်းတော့ မဟုတ်ပါဘူး။ တို့ ရှာနေတဲ့ ကောင်မလေးများလားလို့ပါကွ။ ငါ့ကို ပြောပြစမ်းပါ။ အဲဒီကောင်မလေးက ငါပြောတဲ့ ပုံမျိုးလားလို့"

"ငါ သူ့ကို မတွေ့လိုက်ဘူးကွ၊ သူလာတဲ့နေ့က ငါ ဒီမှာမရှိဘူး"

ဂျနက်နှင့် ဂျော့ စိတ်ပျက်သွားကြသည်။

ဟယ်ရီ - "ဩော် … အေး … ဟုတ်သားပဲ၊ ဒီလိုကွ ကောင်မလေးရဲ့ ဆံပင်က အနက်ရောင်မဟုတ်ဘူး။ အပြာရောင်ကွ၊ သူ့ပုံစံက မျောက်တစ်ကောင်လို မျက်စိနောက်လောက်အောင်ပဲ။ ပြီးတော့ ဘုဆတ်ဆတ်နဲ့။ မင်းရဲ့သူငယ်ချင်းတော့ မဟုတ်နိုင်ပါဘူး"

တွမ်က ရုတ်တရက် ဝင်ပြော၏။

"မင်းပြောတဲ့ ပုံစံမျိုးနဲ့ ကောင်မလေးတစ်ယောက်ကို ငါ တစ်နေ့က ဂေါ်တန်မှာ တွေ့ခဲ့တယ်၊ ဆံပင်ညိုညို၊ အုပ်လုံးကောင်းကောင်း၊ မင်းပြောတဲ့အတိုင်း လက်မောင်းတစ်ဖက်မှာ အမာရွတ်နဲ့"

"တွေ့ခဲ့လား။ သူ့ကို တကယ်တွေ့ခဲ့လား"

ဂျနက်က အော်ဟစ်ကာ မေးလိုက်၏။

"သူ့လက်မောင်းက အမာရွတ်ကို နင် ဘယ်လိုမြင်လိုက်တာလဲ ဟင်"

"သူက လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ထိုင်နေတာ။ အဲဒီနေ့က ပူတော့ အင်္ကျီလက်မောင်းကို လိပ်တင်ထားလို့ သူ့လက်မောင်းက အမာရွတ်ကို ငါ တွေ့လိုက်တာပေါ့"

ဂျနက် - "သူက ကျောင်းအင်္ကျီလက်ရှည်နဲ့ မဟုတ်ဘူးလားဟင်"

"ဖြစ်တော့ ဖြစ်နိုင်ပါတယ်"

ဟု ဖြေပြီး တွမ်သည် သူ့အလုပ်ကို ဆက်လုပ်နေလေသည်။

ဂျော့ - "တွမ်ရေ၊ ဒီကိစ္စဟာ တကယ်ကို အရေးကြီးလို့ပါကွာ။ သူပြောတာတွေ တို့ကို ပြန်ပြောပြနိုင်မလား။ မင်းနဲ့ သူ စကားပြောဖြစ်သလား"

"သူပြောတာက လန်ဒန်ရထားအမီ သွားမလို့တဲ့။ သူ့အစ်ကို ရှိတဲ့ ပြင်သစ်ကို လေယာဉ်နဲ့ ခရီးဆက်မယ်တဲ့ကွ"

ဂျနက်နှင့်ဂျော့မှာ အံ့ဩပြီး စိတ်အားတက်ကြွနေကြသည်။ ထိုမိန်းကလေးမှာ အဲလဇ္ဇဘက်ပင် ဖြစ်ရမည်။ လက်မောင်းပေါ်က အမာရွတ်၊ ပြင်သစ်မှာ အစ်ကိုတစ်ယောက် ... အဲလဇ္ဇဘက်ဖြစ်ကြောင်း သံသယဖြစ်ဖို့ မလိုတော့ပါ။

"တွမ်ရေ... လာဦးဟေ့"

အသံတစ်သံ ပေါ်လာသည်။ မစ္စတာဝါနာ၏အသံ။

"ဒီကလေးမကို မြင်းကုန်းနှီး ဘယ်လိုတင်ရတယ်ဆိုတာ ပြပေးလိုက်စမ်းကွာ"

တွမ် ထွက်သွားသည်။ ဂျနက်နှင့် ဂျော့ တစ်ယောက်ကို တစ်ယောက် အားရဝမ်းသာ ကြည့်လိုက်မိကြ၏။

"ဒီနေ့ အစည်းအဝေးမှာ အစီရင်ခံစရာတော့ ရပြီဟေ့။ လာ ... ဂျော့၊ တို့ ဒီမှာဆက်နေဖို့ မလိုတော့ဘူး"

ဟု ဂျနက်ပြောလိုက်လေသည်။

# [ ၆ ]

# နောက်ထပ်အစည်းအဝေး



၂း၃၀ နာရီ အစည်းအဝေးအတွက် အဖွဲ့ဝင်အားလုံး စောစီးစွာ ရောက်လာကြ၏။ အဖွဲ့ဝင်တစ်ဦး ရောက်လာတိုင်း စကားဝှက်ပြော ပြီး ပီတာနှင့် ဂျနက်တို့က တံခါးဖွင့်ပေးကြရသည်။ စုစုပေါင်း ငါးကြိမ်။

စကင်ပါကလည်း အဖွဲ့ဝင်တစ်ဦးရောက်လာတိုင်း ဟောင်သံ ပေးကာ ဆီးကြိုနှုတ်ဆက်၏။ ထို့နောက် တံခါးပိတ် အစည်းအဝေး စတင်လေသည်။

ပီတာ - "လူတိုင်းလူတိုင်းမှာ အစီရင်ခံစရာ ပါလာလိမ့်မယ်လို့ ငါ မျှော်လင့်တယ်။ ငါကစပြီး အစီရင်ခံ တင်ပြပါ့မယ်။ ဒီလိုကွာ၊ ဂျက်နဲ့ ငါ အဘွားကြီးအိမ်ကို သွားကြတယ်။ ဒါပေမဲ့ အဘွားကြီး နေမကောင်းလို့ မတွေ့ရဘူး။ အဲ ... သူ့အဖော်အမျိုးသမီးက ဖော်ရွေတယ်။ ဒီတော့ တို့သိချင်တဲ့ မေးခွန်းတချို့ကို မေးလို့ရလာခဲ့တယ်"

"ကံကောင်းလို့"

ဟု ဂျော့က ပြောလိုက်၏။

"ဒါပေါ့။ တို့ အဲဒီမှာ သိလာတဲ့အချက်တွေ ရှိတယ်။ အဲလဖ္ဖဘက်ဟာ ဒီဝန်းကျင်မှာပဲ ပုန်းခိုနေတယ်ဆိုတာ သေချာတယ်။ သူ့အဘွား

အိမ်နဲ့ သိပ်ဝေးဝေးမဟုတ်ဘူးလို့ တွေးလို့ရတယ်။ ဘာကြောင့်လဲ ဆိုတော့ ညဘက်မှာ အိမ်ထဲဝင်ပြီး မုန့်တွေ၊ စောင်တွေယူလို့ပဲ"

ရော့နှင့် ဂျနက် အံ့ဩသွားကြသည်။

"ဒါပေမဲ့ ပီတာ ..."

ရော့နှင့်ဂျနက်က ပြိုင်တူခေါ်လိုက်မိကြ၏။ ပီတာ မျက်မှောင် ကြုတ်လိုက်သည်။

"စကားဖြတ်မပြောကြနဲ့ကွ။ မင်းတို့ ပြောလှည့်ရောက်တော့မှ ပြောကြ။ ကိုင်း ... ငါဆက်ပြောမယ်။ အဘွားကြီးရဲ့အဖော် မစ္စဝပ်ဒယ် က တို့ကို အဲလဖ္ဖဘက်အကြောင်း တော်တော်လေး ပြောပြလိုက် တယ်။ သူက ပြောတယ် ... အဲလဖ္ဖဘက်က စိတ်ထားကောင်းပြီး ဖြောင့်မတ်တဲ့သူတဲ့"

"မဖြစ်နိုင်ဘူး"

ပန်က ကြားဖြတ်ပြောလိုက်သည်။

"သူခိုးကို ဖြောင့်မတ်တယ်ပြောလို့ ရနိုင်ပါ့မလား"

"တိတ်စမ်းကွာ"

ပီတာ ကျွဲမြီးတိုသွား၏။

"ငါပြောချင်တာကအဲလဖ္ဖဘက်ဟာသူ့အဘွားအိမ်အနီးအနား မှာ ပုန်းနေတာဖြစ်တယ်။ အိမ်ထဲကနေ မုန့်တွေ ဝင်ယူတယ်ဆိုတဲ့ အချက်ပဲကွ။ ညဘက်မှာ သူ စားစရာလိုတိုင်း ဝင်ယူတာပဲ ဖြစ်မယ်။ ဒီတော့တို့တစ်ညလောက်သွားပြီးစောင့်ချောင်းဖို့အဆိုပြုချင်တယ်။ တနင်္လာနေ့ကျရင် ဂျက်နဲ့ ငါ အဘွားကြီးဆီကို အထည်ပဟောင်း တွေ သွားပို့ပေးရမယ်။ တကယ်လို့ ဒီကြားထဲမှာ အဲလဖ္ဖဘက်က အိမ်ထဲကို ဝင်ထားတယ်ဆိုရင် အဲဒီညမှာ တို့ စောင့်ချောင်းကြမယ်"

"အဲသလို ကောင်းတယ်ဟေ့"

ဟု ပန်၊ ဘာဘရာနှင့် ကိုလင်က ပြော၏။ ရော့နှင့် ဂျနက်ကမူ ဘာမျှမပြောပါ။ တစ်ယောက်ကိုတစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့် နေကြသည်။

"အေး … ငါ အစီရင်ခံဖို့ရှိတာ အဲဒါပဲ။ ဂျက်နဲ့ ငါတို့ ရလာတဲ့ သတင်းက အဲဒါပဲ။ ကိုလင် … မင်းကော ဘာအစီရင်ခံစရာရှိသလဲ"

"ငါ့မှာ အစီရင်ခံစရာ ဘာမှမရှိပါဘူးကွာ"

ကိုလင်က တောင်းပန်သော လေသံဖြင့်ပြော၏။

"ငါ ကျိုးခြောက်ကျိုမှာ ဝင်ကြည့်ခဲ့တယ်။ နောက်ပြီး ဘဲလင်း တောင်ကုန်းတစ်ဖက်က ရထားလုံးတွေရှိတဲ့နေရာ တစ်ခုလုံး။ ဘာ တစ်ခုမှ မတွေ့ခဲ့ရဘူးကွ။ စိတ်မကောင်းပါဘူး ပီတာ"

"ဒါဖြင့် ကောင်းပြီလေ။ ဘာဘာရာကော ဘာအစီရင်ခံစရာ ရှိ သလဲ"

"ရှိတယ်၊ သိပ်များများစားစားတော့ မဟုတ်ဘူး။ သော့ခတ်ထား တဲ့ တဲကြီးတစ်လုံးထဲကို တို့ကြည့်ဖို့ ကြိုးစားကြတယ်။ ဒီတုန်းမှာ လူ တစ်ယောက် မြင်းတစ်ကောင်နှင့်အတူ ရောက်လာလို့ တို့လစ်ထွက် ခဲ့ရတယ်။ နောက်ပြီး နံစော်နေတဲ့ ရထားလုံးတစ်စီးကို တွေ့တယ်။ အထဲမှာ စောင်တစ်ထည်၊ သံဖြူရေခွက်တစ်လုံးနဲ့ ပန်းကန်ပြား တစ်ချပ် ရှိတယ်။ ပြီးတော့ အဲဒီက ချုံတောတွေဟုသမျှ တို့ လိုက် ကြည့်ကြတာပဲ"

ပန် - "အဲဒီမှာ ဂျက်ရဲ့ညီမ ရှေပ်မလေးနဲ့ တွေ့တာပဲ။ သူ လာ နေတာကို တို့က မြင်နေရတယ်။ တို့ဝတ်သလို အပြာရောင်ကုတ်နဲ့ ဦးထုပ်နဲ့ကွ။ တို့က သူ့ကို အိမ်ပြေးမလေးပဲ အောက်မေ့တာပေါ့။ ဒါနဲ့ တို့ ချုံပုတ်တစ်ခုထဲမှာ ဝင်ပုန်းနေလိုက်ကြတယ်။ စူစီကလေ တို့ ပုန်း နေတဲ့ ချုံပုတ်ပေါ်ကို ခုန်ချလိုက်တယ်ကွ။ တို့အပေါ်ကို ဖိမိသွားတာ ပေါ့။ ဒီမှာကြည့် ငါ့မှာတောင် အရိုးရာထင်သွားတယ်"

"စူစီဟာလေ ပါးလိုက်တာမှ လှစ်နေတာပဲ။ ရွှေတောင်စကျူ လား အောက်မေ့ရတယ်"

ဟု ဂျော့က ပြောသည်။

ပီတာ - "အခုတောင် အပြင်ဘက်မှာ ရောက်နေသလား မသိ ဘူး"

ဂျနက် – "စူစီရောက်နေရင် စကင်ပါ ပေါင်မှာပေါ့"

ထိုအခိုက်အတန့်မှာပင် စကင်ပါ၏ ပေါင်သံပေါ်လာ၏။ စကင်ပါ ပေါင်သည်မှာ စူစီဖြစ်နေသည်။ ပြတင်းပေါက်တစ်ခုတွင် စူစီ မျက်နှာ ပေါ်လာ၏။

"ဟယ်လို၊ စုံထောက်အဖွဲ့ဝင်တွေ ဒီမှာ ဂျက်ရှိနေမှာပဲလို့ ငါ တွေးမိတယ်။ နင်တို့ ဘာလုပ်နေကြတယ်ဆိုတာ ငါ သိတယ် ဂျက်။ နင် ဖြတ်ထားတဲ့ သတင်းစာဖြတ်စကို ငါတွေ့လို့ပေါ့ ဟား ... ဟား"

ပီတာသည် ဂျက်အား စိတ်ဆိုးမာန်ဆိုး ကြည့်လိုက်သည်။

"မင်း ဘာဖြစ်လို့ ဒါကို ထားရစ်ခဲ့တာလဲ"

"ဟုတ်တယ်၊ ဂျက်ကို ကြိမ်းလိုက်စမ်းပါ။ ဟေး ... ဒီမှာ အဲလဗ္ဗ ဘက် မေရီဝီလ်ဟမ်မီနာ ဆွန်းနင်းအကြောင်း ငါရထားတဲ့ သတင်း ကို ပြောပြရမလား"

ဂျက်သည် ဒေါသတကြီးဖြင့် ခုန်ထလိုက်ပြီး တံခါးကို ဝုန်းခနဲ ဆွဲဖွင့်ကာ စကင်ပါနှင့်အတူ ပြေးထွက်သွား၏။ အခြားသူများလည်း တံခါးဆီသို့ ရောက်သွားကြသည်။

စူစီမှာ အပြေးမြန်လှသည်။ ဂျက်က လမ်းခုလတ်မှာပင် ရှိနေ သေးစဉ် စူစီသည် တဟားဟားရယ်မောကာ ဝင်းတံခါးအပြင်ဘက် သို့ ရောက်သွားနှင့်လေပြီ။ ဂျက်မှာ နီမြန်းသောမျက်နှာဖြင့် တဲကြီး အတွင်းသို့ ပြန်ဝင်လာ၏။

"တို့ ပြောနေတာတွေကို စူစီ ကြားသွားတယ်လို့ မင်းတို့ ထင် သလား"

ပီတာ ခေါင်းခါပြ၏။

"ဟင့်အင်း ... စကင်ပါပေါင်တော့ စူစီ ရောက်လာစပဲ ရှိသေး တယ်။ အတော်စိတ်ရှုပ်ဖို့တော့ ကောင်းနေပြီကွ။ အခုဆို စူစီက လည်း လိုက်ပြီးစုံစမ်းနေဦးမှာပဲ။ ပြဿနာပဲဟေ့။ စူစီက တို့ထက် အရင်ဦးပြီး အဲလဗ္ဗဘက်ကို တွေ့သွားရင်တော့ ငါ ပေါက်ကွဲမှာနော်"

"သူ တွေ့မှာ မဟုတ်ပါဘူးကွာ"

မြင်းဖောင်းအလုပ်သမားတွမ်ထံမှ ကြားသိလာခဲ့သည့် သတင်းကို ပြောပြရန် ဟန်ပြင်ရင်း ဂျော့ ပြောလိုက်သည်။

"ဂျုနက်နဲ့ ငါ အစီရင်ခံစရာ ရှိတာကို အစီရင်ခံပြီးတဲ့အထိ မင်းတို့ ခဏလောက် စောင့်ကြ"

◆

[၉]

# အစီရင်ခံခြင်းနှင့် လုပ်ငန်းစဉ်



"ပြောကြကွာ ... ဂျုနက်နဲ့ ဂျော့။ အဲဒါ အရေးကြီးမယ်လို့ ငါ ထင်တယ်"

ဟု ပီတာ ပြောလိုက်သည်။

"ကြီးတာပေါ့"

ဂျုနက်က ဂုဏ်ယူစွာဖြင့် ပြန်ပြော၏။

"နင် စပြော ဂျော့"

"ဒီလိုကွ၊ ဂျုနက်နဲ့ငါ တစ်ထရီးမြင်းဇောင်းကို အရင်ဆုံးသွားကြတယ်။ သူတို့က မိသားစုတွေပဲ ဝိုင်းလုပ်ကြတယ်။ လူငှားမထားဘူးဆိုတော့ သူတို့ဆီမှာ အဲလဗ္ဗဘက် အလုပ်ရမနေနိုင်ဘူးလေ။ ဒါနဲ့တို့ မစ္စတာဝါနာရဲ့မြင်းဇောင်းကို ကူးသွားကြတယ်"

"အဲဒီမှာ မြင်းဇောင်းအလုပ်သမ ကောင်မလေးတစ်ယောက်ကို တွေ့တယ်။ ဒါပေမဲ့ ကောင်မလေးက အတော်ထွားနေတာ၊ အဲလဗ္ဗဘက် မဖြစ်နိုင်ဘူး"

ဟု ဂျုနက်က ဝင်ပြောသည်။

"အဲဒီနောက် အလုပ်သမား ကောင်လေးနှစ်ယောက်ကို တွေ့တယ်။ လူကောင် ထွားထွားကျိုင်းကျိုင်းတစ်ယောက်က ဟယ်ရီတဲ့။ နောက်တစ်ယောက် ခပ်ညှက်ညှက်က တွမ်တဲ့။ တွမ်က နည်းနည်းတော့ ဘုကျတယ်လို့ တို့ထင်တယ်။ ဟယ်ရီကတော့ ဘုမကျပါဘူး။ ရည် ရည်မွန်မွန်ပါပဲ။ မိန်းကလေးတစ်ယောက်ယောက် ဒီမှာ အလုပ်လာတောင်းတာများ ရှိဖူးသလားလို့ မေးကြည့်တော့ တစ်ယောက်တော့ အလုပ်လာတောင်းဖူးတယ်တဲ့။ ဒါပေမဲ့ သူ့ဆံပင်က အဝါရောင်။ အညိုရောင်မဟုတ်ဘူး"

ထိုစဉ်တွင် ဂျနက်သည် မပြောရလျှင် မနေနိုင်သည့်ဟန်ဖြင့် ကြားဖြတ်ဝင်ပြော၏။

"ပြီးတော့ တို့ရှာနေတဲ့ ကောင်မလေးရဲ့ပုံပန်းသဏ္ဌာန်ကို တို့က ဟယ်ရီကို ပြောပြတော့ ဘေးမှာနားထောင်နေတဲ့ တွမ်က ဝင်ပြောတယ်။ အဲဒီပုံပန်းသဏ္ဌာန်မျိုး ကောင်မလေးတစ်ယောက်ကို သူ တွေ့လိုက်တယ်လို့ ဝင်ပြောတယ်။ လက်မောင်းမှာလည်း အမာရွတ်ရှိတယ်တဲ့"

"ဘာ ..."

အားလုံး ဝိုင်းအော်မိကြသည်။

"ဒါ သတင်းပဲ။ ဆက်ပြောပါ ဂျော့။ အဲလဖွာဘက်ကို သူ ဘယ်မှာ တွေ့ခဲ့တာတဲ့လဲ။ ပုံပန်းသဏ္ဌာန်ချင်းတူရင် အဲလဖွာဘက်ပဲ ဖြစ်ရမယ်"

"ဂေါ်တန်က လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ တွေ့ခဲ့တယ်လို့ သူက ပြောတယ်။ ဒါဆို ဒီနဲ့ သိပ်မဝေးဘူးပေါ့။ သူ လက်ဖက်ရည် သောက်နေခဲ့မယ်လို့ ထင်ရတာပဲ။ မူတော့ အိုက်တော့ကာ အင်္ကျီလက်ကို ပင့်ထားမှာပေါ့။ အဲဒီမှာ လက်မောင်းက အမာရွတ်ကို မြင်လိုက်တာ အဲဒီကောင်မလေးက ကောင်လေးကို စကားပြောခဲ့တယ်"

"ဘာပြောသတဲ့လဲ"

ပီတာသည် အရောင်လက်သော မျက်လုံးများဖြင့် မေးလိုက်၏။

ဂျနက် – “ကောင်မလေးက လန်ဒန်ကိုသွားပြီး ပြင်သစ်ကို လေယာဉ်စီးမယ်လို့ ပြောတယ်တဲ့။ ပြင်သစ်မှာ သူ့အစ်ကိုရှိတယ်ဆို ပဲ။ သေချာတယ် အဲလဖ္ဗဘက်ပဲ”

“ဟုတ်တယ် ... အဲလဖ္ဗဘက်ပဲ ဖြစ်ရမယ်”

ပီတာ ပြော သည်။ အခြားအဖွဲ့ဝင်အားလုံးကလည်း ခေါင်းညိတ် ထောက်ခံကြသည်။ ပြင်သစ်မှာ အစ်ကိုတစ်ယောက်။ လက်မောင်း က အမာရွတ်။ သည်လိုဆို အဲလဖ္ဗဘက်ပဲ ဖြစ်ရမည်။

ဂျော့ – “ဒါကြောင့်ဂျနက်နဲ့ငါကအဲလဖ္ဗဘက်ကိုဒီအနီးဝန်းကျင် မှာ ရှိနေသေးတယ်ဆိုတာ လက်မခံတာပေါ့။ လန်ဒန်မြို့ တစ်နေရာ မှာ ပုန်းခိုရင်း ပြင်သစ်သွားတဲ့ လေယာဉ်ကိုစီးဖို့ ကြိုးစားနေကောင်း နေလိမ့်မယ်”

“ကိုင်း ... ဒါဖြင့် မင်း ဒီမေးခွန်းကို ဘယ်လိုအဖြေပေးမလဲ။ အကယ်၍ အဲလဖ္ဗဘက်ဟာ လန်ဒန်မှာ ရောက်နေတယ်။ ပြင်သစ် သွားဖို့ လေယာဉ်စောင့်နေတာဆိုရင် အဘွားကြီးအိမ်က မုန့်တွေ၊ စောင်တွေကို ညဘက်မှယူတဲ့လူဟာ ဘယ်သူလဲ”

ပီတာ စိတ်ရှုပ်ထွေးဟန်ဖြင့် ပြော၏။

အစည်းအဝေးတစ်ခုလုံး တိတ်ဆိတ်သွားလေသည်။ အားလုံး က ပီတာအား ကြည့်ကြသည်။ စကင်ပါသည်ပင် ပီတာ့မျက်နှာကို လှမ်းကြည့်နေ၏။

ဂျနက် – “ငါတော့ ဒါကို မတွေးမိခဲ့ဘူး။ နင် အစီရင်မခံမီအထိ မုန့်တွေ၊ စောင်တွေအကြောင်းကို ဂျော့နဲ့ ငါ သိထားခဲ့တာမှ မဟုတ် ဘဲ။ ပြဿနာပဲ၊ ငါတို့ ရထားတဲ့သတင်းတွေမှာ တစ်ခုခုတော့ မှား ယွင်းနေပြီထင်တယ်ပီတာ။တကယ်လို့အဲလဖ္ဗဘက်ဟာသူ့အဘွား အိမ်နားမှာ ညဘက်မှာ ရစ်သီရစ်သီလုပ်နေတာမှန်ရင် သူ ပြင်သစ် လေယာဉ်စီးဖို့ဆိုတာ ဘယ်လိုဖြစ်နိုင်ပါတော့မလဲ”

ဂျက် – “ဒီလိုကော မဖြစ်နိုင်ဘူးလား။ သူမှာ လေယာဉ် လက် မှတ်ဝယ်ဖို့ ပိုက်ဆံမလုံလောက်လို့ စိတ်ပြောင်းသွားပြီး ဘဲလင်းကို

ပြန်လာတယ် ဆိုရင်ကော။ သူ့အဘွားအိမ်ကနေ ပိုက်ဆံရဖို့ သူ မျှော်လင့်ချင် မျှော်လင့်ထားမှာပေါ့။ တစ်ခါခိုးဖူးထားတဲ့လူဟာ နောက်တစ်ခါခိုးဖို့ မခဲယဉ်းတော့ဘူးလေ"

ပီတာ - "အေး ... အဲဒါ ဟုတ်တယ်။ မင်းပြောတာ ဖြစ်နိုင်တယ်လို့ ငါထင်တယ်"

အစည်းအဝေးခန်းထဲတွင် တိတ်ဆိတ်သွားပြန်သည်။ အဖွဲ့ဝင် ၇ ဦးလုံး စိတ်ထဲတွင် ကိုယ်စီကိုယ်င အမျိုးမျိုး တွေးတောကြံဆနေကြ၏။

"မစ္စတာဝါနာ့ဆီမှာ အလုပ်လာတောင်းတဲ့ ကောင်မလေးကကော ဘယ်လိုလဲ။ နင့်ကို ဟယ်ရီပြောပြတဲ့ ကောင်မလေးဟာလေ"

ဟု ဂျနက်က ဂျော့အား ပြော၏။

"အဲဒီကောင်မလေးက ရွှေရောင်ဆံပင်နဲ့လို့ ဟယ်ရီ ပြောတယ်နော်။ ဟုတ်ပြီ။ အဲဒီဆံပင် ဆေးဆိုးထားတာ ဖြစ်ရမယ်။ အဲဒီကောင်မလေးဟာ အဲလဖ္ဗာဘက်ပဲလို့ ငါထင်တယ်။ တစ်ခါတုန်းက ငါ့ဒေါ်လေးဟာ သူ့ဆံပင်အညိုရောင်ကို ရွှေရောင်ဖြစ်အောင် ဆေးဆိုးဖူးတာ ငါသိတယ်။ အဲဒါမျိုး အဲလဖ္ဗာဘက်လည်း လုပ်လို့ရတာပဲ"

ဆံပင်ဆေးဆိုးသည့်အကြောင်းကို သူတို့ နားမလည်ကြပါ။ သူကိုယ်တိုင် မြင်းဇောင်းအလုပ်သမား ကောင်လေးနှစ်ယောက်ကို သွားတွေ့မည်ဟု ပီတာ စိတ်ပိုင်းဖြတ်လိုက်သည်။

ဂျနက်အားလည်းကောင်း၊ ဂျော့အားလည်းကောင်း ပြောပြလိုက်ရကောင်းမှန်းမသိသည့် အကြောင်းတစ်ခုခု သူတို့ထံတွင် ကျန်ရှိကောင်း ကျန်ရှိနေနိုင်သည်ဟု ပီတာ တွေးမိသည်။

"ငါ ဒီကောင်လေးနှစ်ယောက်ကို သွားတွေ့မယ်။ သူတို့က ဘယ်လိုပုံတွေလဲ"

"ဟယ်ရီက ထွားထွားကျိုင်းကျိုင်း၊ နောက်တစ်ယောက်က လူကောင်ညှက်ညှက်ပါလို့ငါပြောသွားပဲ။နှစ်ယောက်လုံးဆံပင်အနက်ရောင်နဲ့ သိပ်တော့ သပ်သပ်ရပ်ရပ် မရှိကြဘူး။ သူတို့ မြင်းစီးဘောင်း

ဘီ ဝတ်ချင်လည်း ဝတ်ထားလိမ့်မယ်။ ဟယ်ရီ့ဘောင်းဘီက သူ့ ကိုယ်ထည်နဲ့စာရင် သေးတယ်။ တွမ့်ဘောင်းဘီကတော့ သူနဲ့စာရင် ကြီးနေတယ်။ တွမ်နဲ့ အဲလဖ္ဗဘက် ဂေါ်တွန်မှာ တွေ့လိုက်တာ ကံ မကောင်းဘူးလား။ အခုဆို အဲလဖ္ဗဘက်ဟာ ဒီနားတစ်ဝိုက်မှာပဲ ရှိနေပြီး ကျောင်းဝတ်စုံကို ဝတ်ထားတုန်းပဲဆိုတာ တို့ သိရပြီ"

ဟု ဂျော့က ပြောလေသည်။

ပီတာ - "ဒီတော့ တို့ ဘာဆက်လုပ်ကြမလဲ။ နက်ဖြန် တနင်္ဂနွေ တို့မှာ ဘာမှလုပ်လို့မရဘူး။ တနင်္လာနေ့ ကျောင်းလွှတ်ပြီးမှ လုပ်လို့ ရမယ်"

ဂျက် - "မင်းနဲ့ငါ အထည်ဟောင်းတချို့ယူပြီး မစ္စက်ဆွန်းနင်း အိမ်ကို သွားကြမယ်။ နောက်ဆုံးသတင်းတွေ စုံစမ်းကြည့်ကြတာပေါ့"

"အဲဒီကအပြန်မှာ ငါတို့ မြင်းဇောင်းအလုပ်သမား ကောင်လေး တွေဆီ သွားကြတာပေါ့။ တခြားလူတွေလည်း လိုက်ချင်ရင် လိုက်ခဲ့ ကြလေ။ တို့ မေးတာ မြန်းတာကို ထောက်ပေးနိုင်တာပေါ့။ တနင်္လာ နေ့ ၅ နာရီ ဒီမှာဆုံကြမယ်။ လမ်းစပေါ်တော့မယ်လို့ ငါတော့ ထင် တယ်ကွ။ လောလောဆယ်သာ ခက်ခဲနေသေးတာပါ"

◆

[ ၁၀ ]

# မစ္စဝပ်ဒယ်ထံမှ နောက်ထပ်သတင်း



တနင်္ဂနွေနေ့မှာ ကုန်လွန်ခဲ့လှသည်။

နံနက်ခင်း ဘုရားကျောင်းမှ ပီတာနှင့် ဂျနက်တို့ အပြန်လမ်းတွင် ပီတာ စိတ်ကူးတစ်ခု ရသည်။

"ဂျနက် မစ္စက်ဆွန်းနင်းဆီကို ဈေးနဲ့ ငါ အထည်ဟောင်းတွေ သွားပို့မယ်ဆိုတာ သိတယ်နော်။ မေမေပေးတာ ဘယ်လိုအထည် ဟောင်းတွေများလဲ။ အများစုကတော့ အဟောင်းတွေ ဖြစ်မှာပဲ"

"အေး ... ဒါပေမဲ့ တို့အဝတ်တွေကို မေမေ အသိမပေးဘဲ ပေးလို့ မဖြစ်ဘူး။ ပြီးတော့ မေမေက ပေးခဲ့ပြီးပြီလေ။ နောက်တစ်ကြိမ် ထပ် ပေးဖို့ကို မေမေသဘောတူမှာ မဟုတ်ဘူးဟဲ့"

"ငါတွေးနေတာ အဲဒီအကြောင်းပဲ။ တို့ ဗီရိုတွေ ဖွင့်ကြည့်ပြီး ပေးစရာ ဘာရှိလဲ ကြည့်ရအောင်"

ဗီရိုတွေထဲမှာ သူတို့ အများကြီး တွေ့ရသည်။ သူတို့ မေ့လျော့ နေသည့် အထည်များ၊ တစ်ကြိမ်တစ်ခါမျှပင် မဝတ်ဖူးသေးသည့် အထည်များ။

"ဟောဒီမှာ ဖဲထုပ်နှစ်ထုပ်၊ မြွေလှေကားကစားနည်းက တစ်ခု။ တို့တစ်ခါမှတောင် မကစားရသေးဘူးနော်။ ပြီးတော့ ဒီမှာကြည့်စမ်း။ အသစ်စက်စက် ဘောလုံးတစ်လုံး။ တို့ အဲဒါကို ပေးမလားဟင်"

"ပုံရောင်းတယ်ဆိုတာ အဟောင်းတွေကိုပဲ ရောင်းတာ ပီတာ။ တို့ ဒီဘောလုံးအစား ဘောလုံးအဟောင်းတစ်လုံး ထည့်ပေးလိုက်တာပေါ့။ ကြည့်စမ်း ... ဒီမှာ ငါ့ဖိနပ်အဟောင်းတွေ၊ ငါနဲ့ မတော်တော့ဘူးလေ။ အဲဒါတွေကိုလည်း ပေးပစ်လိုက်လို့ရတာယ်"

နောက်ဆုံးတွင် သေတ္တာကြီးတစ်လုံးအပြည့် ပစ္စည်းများ စုဆောင်း ရရှိသွား၏။ တနင်္လာနေ့ ရောက်လာဖို့ကိုသာ သူတို့ မျှော်လင့်စောင့်စားနေကြတော့သည်။

တနင်္လာနေ့သို့ ရောက်လာသည်။ ထိုနေ့တွင် နံနက်ပိုင်းရော ညနေပိုင်းပါ ကျောင်းတက်ရသည်။ ၅ နာရီမထိုးမီ အိမ်သို့ အပြေးအလွှား ပြန်လာရသည်။ အိမ်မှာ လက်ဖက်ရည်သောက်ပြီး တဲကြီးရှိရာသို့ ဆင်းလာခဲ့ကြ၏။ စုံထောက်အဖွဲ့ဝင်အားလုံး စုရုံးမိကြပြီ။

"ငါနဲ့ဂျက် ဘာရမ်ဘယ်အိမ်ဆီကို စက်ဘီးနဲ့ သွားကြမယ်။ အဲဒီမှာ မစ္စဝပ်ဒယ်ဆီက ဘာသတင်းများ ထပ်ရနိုင်မလဲဆိုတာ ကြည့်မယ်။ ကျန်တဲ့အဖွဲ့ဝင်တွေက ဝါနာမြင်းဇောင်းကို စက်ဘီးနဲ့သွားပြီး အဲဒီကနေ ငါတို့နှစ်ယောက်ကို စောင့်နေကြ။ မင်းတို့ ကောင်လေးနှစ်ယောက်နဲ့ တတ်သလောက်မှတ်သလောက် စကားပြောနေကြပေါ့ကွာ။ အဲဒီကို ငါတို့လာပြီး ပူးပေါင်းမယ်"

သူတို့အားလုံး စတင်ထွက်သွားကြလေသည်။ ပစ္စည်းသေတ္တာကို ပီတာ၏ စက်ဘီးနောက်မြီးတွင်တင်ပြီး ကြိုးဖြင့် တုပ်နှောင်ထား၏။ ဘာလက်ဘာရီလမ်းသွယ်ထိပ်တွင် လူစုခွဲသွားကြသည်။ ဂျက်နှင့် ပီတာသည် ကွေ့ကောက်သောလမ်းအတိုင်း စက်ဘီးနင်းခဲ့ကြပြီး ကျန်အဖွဲ့ဝင်များက ဝါနာမြင်းဇောင်းရှိရာ တောင်ကုန်းထက်သို့ စက်ဘီးများဖြင့် နင်းတက်သွားကြ၏။

ပီတာနှင့် ဂျက်သည် သူတို့၏စက်ဘီးများအား ဘရမ်ဘယ်အိမ် ဝင်းတံခါးဝတွင် ထားရစ်ခဲ့ကြပြီး အိမ်ရှေ့တံခါးဆီသို့ လျှောက်သွားကြ၏။ တံခါးကို ခေါက်လိုက်ရာ မစ္စဝပ်ဒယ်က ဖွင့်ပေးလေသည်။ မစ္စဝပ်ဒယ်သည် သူတို့နှစ်ယောက်အား တွေ့လိုက်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားဟန် ရှိ၏။

"အထည်ပေါင်းတွေ ထပ်ပြီးလာပို့တဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ မပြောတော့ဘူးနော်။ မင်းတို့ စနေနေ့ကလာပို့သွားတဲ့ သေတ္တာနှစ်လုံးအတွက် မစ္စက်ဆွန်းနင်းက အတော်ဝမ်းသာနေတာ။ အခုလာပို့တာတွေကိုလည်း သူ့ကို ငါပေးပေးလိုက်မယ်။ သူက အိပ်ရာထဲမှာပဲ ရှိနေတုန်းကွယ့်"

"အို ... စိတ်မကောင်းပါဘူး ခင်ဗျာ။ သူ့မြေးမလေးသတင်းကို သူ ထပ်ကြားသေးလားဟင်"

"ဘာမှမကြားဘူးကွယ့်။ ပုလိပ်ကတော့ ကောင်မလေးကို စုပ်စမြုပ်စ ပျောက်နေပုံပဲလို့ ပြောတယ်။ ဒါပေမဲ့ တစ်နေ့ကညနဲ့ မနေ့ကညမှာ သူ ဒီကို လာသွားသေးတယ်ကွယ့်"

"ဟုတ်လား"

ပီတာ အားတက်သရော ပြောလိုက်၏။

"သူ့ကို တွေ့လိုက်တာလား။ သူ စာထားရစ်ခဲ့လား"

"မဟုတ်ဘူး ... စာထားသွားတာလည်း မဟုတ်ဘူး။ သူ့အရိပ်အယောင်မြင်လို့လည်း မဟုတ်ဘူး။ အဲသလို မဟုတ်ပေမဲ့ စားစရာတွေ ထပ်ပျောက်သွားပြန်တယ်ကွယ့်။ အိမ်ထဲကို သူ ဘယ်လိုဝင်တယ်ဆိုတာ စဉ်းစားရကျပ်တာပဲ။ တံခါးတွေ၊ ပြတင်းပေါက်တွေ အားလုံးကို ငါကိုယ်တိုင် အသေအချာ ပိတ်တာပါ။ ဘေးတံခါးသော့ တစ်ချောင်း သူ့မှာရှိနေလို့ပဲ ဖြစ်ရမယ်။ မင်တုပ်မရှိတဲ့ တံခါးဆိုလို့ အဲဒီဘေးတံခါးပဲ ရှိတယ်ကွယ့်"

ဂျက် - "ဒီကိစ္စကို ပုလိပ်က ဘာပြောလဲ"

"ဘာမှမပြောဘူး။ ငါ လုပ်ကြံပြောတာလို့ သူတို့ ထင်နေကြဟန် တူတယ်။ နည်းနည်းလေးမှ အရေးတယူ မလုပ်ကြဘူး။ ညဘက်မှာ သူတို့လူတစ်ယောက်အစောင့်လာချထားကြည့်ပါလား။ ဒါဆိုကလေး မလေးကို တွေ့မှာပေါ့။ ကလေးမလေး ဘေးကင်းရန်ကင်းရှိနေတယ် ဆိုတာ သိရရင် အမယ်ကြီးလည်း စိတ်သက်သာရာရတာပေါ့"

ပီတာ - "သူတို့ အစောင့်ချထားကောင်း ချထားပါလိမ့်မယ်။ ဒါပေမဲ့ သူတို့မသိတဲ့ အိမ်အဝင်လမ်းကို အဲလဖ္ဘက်က သိနေတယ်လို့ ကျွန်တော် ထင်တယ်။ ခင်ဗျားက ဘာဖြစ်လို့ စောင့်မချောင်းတာလဲ မစ္စဝပ်ဒယ်"

"ဘာ ... တံခါးတိုင်း၊ ပြတင်းပေါက်တိုင်းကို စောင့်ကြည့်ရမယ် ဟုတ်လား။ ဘယ်သူမှ မတတ်နိုင်ဘူးဟေ့။ တစ်ညလုံး စောင့်ကြည့်ရလောက်အောင်လည်း ငါ အိပ်ရေးပျက်ခံနိုင်တာ မဟုတ်ဘူး"

"ကောင်းပြီလေ၊ ကျွန်တော်တို့ သွားပါဦးမယ်။ အဲလဖ္ဘက်ကို မကြာခင် ပြန်တွေ့မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်"

ပီတာနှင့် ဂျက် နှုတ်ဆက်ပြီး ပြန်ထွက်လာကြသည်။

ဝင်းတံခါးသို့ ရောက်လျှင်ရောက်ချင်း ပီတာက ...

"ဒီမှာ ဒီည ဘာလုပ်ရမယ်ဆိုတာ ငါ သိပြီကွ။ ငါ ဒီဥယျာဉ်ထဲမှာ ပုန်းနေလိုက်မယ်ကွ။ အဲလဖ္ဘက်လာရင် တွေ့ရမှာပဲ။ ဒါပေမဲ့ ပုလိပ်ကိုတော့ ငါ မပြောဘူး။ သူ့အဘွားဆီ သူ့ကိုခေါ်သွားပြီး ပြောစရာရှိတဲ့စကားတွေ အကုန်ပြောခိုင်းမယ်"

"ကောင်းတယ်၊ ငါပါလိုက်မယ်။ အခု တို့ မြင်းဇောင်းဆီသွားပြီး ဟိုကောင်တွေကို တွေ့ရအောင်။ သူတို့လည်း တို့နဲ့အတူလိုက်ပြီး စောင့်ကြည့်ချင်ကြမှာပဲကွ"

◆

# [ ၁၁ ]
# အဲလ်ရှာဘက်အား တွေ့ပြီလော



ဝါနာမြင်းဇောင်းတွင် ကျန်အဖွဲ့ဝင်များအား ပီတာနှင့် ဂျက်တို့ တွေ့ကြသည်။ သူတို့သည် ကောက်ရိုးများကိုထမ်းကာ သယ်ပို့ပေး နေကြသည်။ မြင်းဇောင်းအလုပ်သမား ကောင်လေးနှစ်ယောက်မှာ လည်း သူတို့အား ကူညီကာ ဝိုင်းလုပ်ပေးနေကြသည်။

"ဟယ်လို ... ပီတာ၊ ဟယ်လို ... ဂျက်၊ ငါတို့ အလုပ်များနေတာ တွေ့လားဟေ့။ သိပ်ပျော်ဖို့ကောင်းတယ် သိလား။ မစ္စတာဝါနာက ပြောတယ်၊ အလုပ်ပြီးရင် မြင်းပုလေးတွေ စီးခိုင်းမယ်တဲ့"

ဟု ဂျနက် အော်ပြော၏။

"ကောင်းတယ်၊ ငါနဲ့ ဂျက်လည်း လိုက်မယ်လေ"

ဝမ်းမြောက် ဝမ်းသာဖြင့် ပီတာ ပြန်ပြော၏။ မြင်းတွေနှင့် အလုပ် လုပ်ရသည်ကို ပီတာ ပျော်သည်။ ရံဖန်ရံခါ သူ့အဖေ၏ ယာတော မြင်းဇောင်းတွင် ကူညီကာ လုပ်ကိုင်ပေးဖူးသည်။ မြင်းဇောင်းအလုပ် သမား ကောင်လေးနှစ်ယောက်ထံ ပီတာလျှောက်သွား၏။

ဟယ်ရီက ပြုံးပြသော်လည်း တွမ်ကမူ ခေါင်းဆတ်ပြရုံသာ ဆတ်ပြသည်။ ပီတာသည် တွမ်အား စူးစူးဝါးဝါးကြည့်လိုက်၏။ အဲလဖ္ဖဘက်အား တွေ့ခဲ့သည်ဆိုသူမှာ တွမ် မဟုတ်လား။

"ဟေး... အဲလဖ္ဖဘက်ဆွန်းနင်းဆိုတဲ့ ကောင်မလေးကို တစ်မြန် နေ့က ဂေါ်တွန်မှာ မင်း တွေ့ခဲ့တယ်ဆိုကွ။ အဲဒါ အတော်စိတ်ဝင်စား စရာ ဖြစ်နေတယ်။ ပုလိပ်က သူ့ကိုရှာလို့ မတွေ့သေးဘူး။ သူ့အဘွား လည်း သူ့စိတ်နဲ့ သောကရောက်နေတယ်ကွ"

"ဒါဖြင့် ကောင်မလေးက ဘယ်လိုဖြစ်လို့လဲ။ သူ့ကြည့်ရတာ စိတ်မကောင်းဖြစ်နေပုံတော့ ရတယ်"

"အေး ... သူ ပိုက်ဆံခိုးခဲ့တာမှန်ရင်တော့ စိတ်ဆင်းရဲထိုက်ပါ တယ်။ ဒါပေမဲ့ အမယ်ကြီးရဲ့အဖော် မစ္စဝပ်ဒယ် ပြောတာကတော့ အဲလဖ္ဖဘက်ဟာ ရည်မွန်ဖြောင့်မတ်တဲ့ မိန်းကလေးတစ်ယောက် တဲ့ကွ။ ဒီမှာကုန်းနီးတင်တာ ငါ ကူပေးမယ်နော်"

"ကျေးဇူးပဲ။ ဂေါ်တွန်မှာ သူ့ကို အမှတ်မထင် တွေ့လိုက်ကတည်း က ငါ စိတ်ဝင်စားခဲ့တာကွ။ အခုလောက်ဆို သူ ပြင်သစ်ကို ရောက် နေလောက်ပြီ။ သူ့အစ်ကိုဆီ သွားချင်တယ်လို့ သူ ပြောခဲ့တယ်လေ"

"သူ ပြင်သစ်မှာ မရှိဘူးကွ"

ကုန်းနီးကြိုးကို မနိုင်မနင်းမ,ရင်း ပီတာပြော၏။

"ညဘက်တွေမှာ သူ့အဘွားအိမ်ထဲဝင်ပြီး ပစ္စည်းတွေ ယူတယ် တဲ့။ မစ္စဝပ်ဒယ်က ဒီအတိုင်းပြောတာပဲ။ အပေါက်တွေအားလုံး သော့ခတ်ပိတ်ထားလျက်နဲ့ သူ ဘယ်လိုဝင်တယ် မသိဘူးလို့ ပြော တယ်။ မင်းတုပ်မရှိတဲ့ ဘေးတံခါးပေါက်သော့ သူ့မှာရှိနေလို့ ထင် တယ်တဲ့"

ဂျက်က ဝင်ပြောသည်။

"ငါတို့ ဒီည အဲဒီမှာသွားပြီး စောင့်ကြည့်ကြမလို့ပဲ"

"မင်းတို့ တကယ်သွားကြမှာလား"

တွမ်၏လေသံမှာ အံ့ဩပုံ ပေါက်နေသည်။ ပီတာ ခေါင်းညိတ်ပြလိုက်၏။ စုံထောက် ၇ ယောက်အဖွဲ့၏ အကြံအစည်များကို မြင်းဇောင်းအလုပ်သမားလေးအား ထုတ်ဖော်မပြောစေလိုသဖြင့် ပီတာသည် ဂျက်အား မျက်မှောင်ကြုတ်ပြလိုက်၏။

"မင်းတို့သွားရင် ငါပါ လိုက်ခဲ့ချင်တယ်"

ပီတာသည် တွမ်အား မလိုက်စေချင်သော်လည်း မငြင်းဆန်လိုက်ပါ။

"ကောင်းပြီလေ၊ တို့ အဲဒီမှာ ၁၀း၃၀ အရောက်သွားမယ်။ တို့ရောက်ရင် လေချွန် အသံပေးလိုက်မယ်။ မင်းရောက်နှင့် နေရင်လည်း ဒီအတိုင်း ပြန်ပြီး အသံပေးလိုက်"

"ငါ လာခဲ့မယ်။ ပုလိပ်တစ်ယောက် နှစ်ယောက်လောက်လည်း ရှိချင်ရှိနေလိမ့်မယ်။ မင်းတို့က ပုလိပ်တွေကို ငါဟာ မင်းတို့ရဲ့သူငယ်ချင်း တစ်ယောက်ဖြစ်ကြောင်း၊ သူခိုးမဟုတ်ကြောင်း ပြောပြပေါ့"

"အေးပါ၊ တို့ အခု လယ်ကွင်းထဲသွားပြီး မြင်းပုလေးတွေ စီးကြဦးမလား"

ကလေးစုံထောက်အဖွဲ့ဝင် ၇ ယောက်သည် ဟယ်ရီ၊ တွမ်တို့နှင့် ပူးပေါင်းပြီး မြင်းပုလေးများ စီးကြ၏။ ထို့နောက် မြင်းဇောင်းသို့ ပြန်လာခဲ့ကြသည်။ တွမ်သည် မောပန်းဟန်ဖြင့် စကားသိပ်မပြောပါ။ ဟယ်ရီမှာ ရယ်စရာများပြောပြီး တွမ်၏ကျောပြင်ကို တအုန်းအုန်း ထုနေလေသည်။ ပီတာသည် တွမ်အား တီးတိုးပြောလိုက်၏။

"လေချွန်သံပေးဖို့ မမေ့နဲ့နော်"

တွမ်သည် ခေါင်းညိတ်ပြပြီး ထွက်သွား၏။ ထို့နောက် ကလေးစုံထောက် ၇ ယောက်အဖွဲ့ဝင်များသည် မြင်းဇောင်းမှ ပြန်လည်ထွက်ခွာလာခဲ့ကြသည်။ ကုန်းအဆင်းလမ်းတစ်လျှောက် စက်ဘီးကိုယ်စီ နင်းလာကြရင်း အဝေးဆီတွင် ကုန်းတံတားတစ်ခုပေါ်သို့ တက်နေသူ တစ်ဦးအား လှမ်းမြင်လိုက်ကြ၏။ ထိုသူမှာ ခရီးဆောင်

အိတ်တစ်လုံးကို ကိုင်စွဲထားသည်။ အပြာရောင်ကုတ် ဝတ်ဆင်ပြီး ဦးထုပ်ဆောင်းထား၏။ ထိုသူသည် ဟိုကြည့်သည်ကြည့်လုပ်ပြီး နောက် ထိတ်လန့်သွားဟန်ဖြင့် သုတ်ခြေတင်ပြေးလေတော့၏။

"တွေ့ကြလားဟေ့"

ကိုလင်က လက်ညှိုးညွှန်ပြလိုက်သည်။

"အဲဒါ အဲလဇ္ဇဘက်ပဲကွ။ ခရီးဆောင်အိတ်လည်း ပါတယ်။ မြန်မြန်နင်း၊ သူ့နောက်လိုက်ကြရအောင်"

ကုန်းတံတားဆီသို့ရောက်သွားကြ၏။ လက်ကိုင်ပဝါဖြူဖြူလေး တစ်ထည်မှတစ်ပါး မည်သည်ကိုမျှ မတွေ့ကြရ။ လက်ကိုင်ပဝါကို ဂျနက် ကောက်ယူကြည့်သည်။

"ကြည့်စမ်း၊ လက်ကိုင်ပဝါထောင့်မှာ အစိမ်းရောင်ချည်နဲ့ "အ" လို့ထိုးထားတယ်။ ဒါအဲလဇ္ဇဘက်ပဲ။ သူပုန်းခိုနေတဲ့နေရာက ဒီအနီး အနားမှာပဲ ရှိလိမ့်မယ်။ မြန်မြန်လုပ်၊ တို့ သူ့နောက်လိုက်ရအောင်"

ကုန်းတံတားပေါ်တွင် စက်ဘီးများကို မတင်တွန်းသွားကြရသည်။

"ဟိုမှာ ... ဟိုထောင့်ချိုးမှာ အဲဒီတိုက်ပျက်ကြီးနားက ထောင့်ချိုးလေ"

ဂျော့ အော်ပြောလိုက်၏။

"သူ ကြားအောင် မင်းတို့ ဘဲလ်တွေ တီးကြစမ်းကွာ"

◆

# [ ၁၂ ]
# ရှုစီထံမှ အချက်များစွာဖြင့်



စုံထောက်အဖွဲ့ဝင်များသည် ဘဲလ်သံပေးရင်း စက်ဘီးများကို ဒုန်းစိုင်းနင်းကာ အပြာရောင်ကုတ်အင်္ကျီ ဝတ်ဆင်ထားသူ နောက်သို့ အမီလိုက်နေကြ၏။

ထိုသူမှာ ထောင့်ချိုးတွင် မျက်စိအောက်မှ ပျောက်သွားလေသည်။ ထောင့်ချိုးသို့ သူတို့ရောက်သောအခါ အဆိုပါမိန်းကလေးအား မတွေ့ရတော့ပါ။ သူတို့ စက်ဘီးများပေါ်မှ ဆင်းသက်ပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြ၏။

"ဘယ်များ ရောက်သွားပါလိမ့်။ တစ်နေရာမှာ ဝင်ပုန်းလိုက်တာ ဖြစ်မယ်။ ဒါပေမဲ့ ဒီအနီးအနားမှာ ပုန်းတန်ကောင်းတဲ့နေရာလည်း မမြင်ဘူး"

ဂျနက် ပြောလိုက်သည်။

ကိုလင် - "အေးကွ။ ဟင် ... ဟိုတိုက်ပျက်ကြီးကို ကြည့်စမ်း။ သစ်ပင်တွေကြားက တိုက်ပျက်ကြီးလေ။ သေချာတယ်။ သူ အဲဒီမှာ ရှိရမယ်"

"တို့ သွားကြည့်ကြမယ်"

ဟု ဂျော့ကပြောပြီး စက်ဘီးများအား စည်းရိုးတန်းတွင် ထားရစ်ခဲ့ကာ တိုက်ပျက်ကြီးဆီသို့ ပြေးဝင်သွားကြ၏။ တိုက်ပျက်ကြီးမှာ ခေါင်မိုးအစိတ်အပိုင်းလေး ကွက်ကွက်မျှ ကျန်ရှိတော့သည်။

အောက်ထပ်တွင် အခန်းနှစ်ခန်း၊ အပေါ်ထပ်တွင် အခန်းတစ်ခန်းပါရှိ၏။ ထောင့်ချိုးတစ်ခုတွင် အပေါ်ထပ်သို့တက်သည့် ကျောက်လှေကားတစ်စင်း။

ပန် - "ဘယ်သူမှလည်း မရှိဘူး။ ဒါပေမဲ့ ဒီမှာကြည့်၊ လှေကားတစ်စင်း၊ သူ အပေါ်ထပ်မှာရှိလိမ့်မယ်"

အပေါ်ထပ်သို့ ဂျော့ ပြေးတက်သွားသည်။

"ကောင်မလေး မရှိဘူးကွ။ သူ့ ခရီးဆောင်အိတ်ကိုတော့ တွေ့တယ်။ အိတ်ပေါ်မှာ "အ - မ - ဝ - ဆ" လို့ ရေးထားတယ်။ တို့မြင်လိုက်တဲ့ သူဟာ အဲလဇ္ဇဘက်ပဲကွ"

ကျန်အဖွဲ့ဝင်များသည် လှေကားပေါ်သို့ စုပြုံတက်လာကြ၏။ ညစ်ပေနေသော ကြမ်းပြင်ပေါ်မှ အပေါ်စားခရီးဆောင်အိတ်ကို ကြည့်ရှုကြသည်။ အနက်ရောင်ဆေးဖြင့် "အ - မ - ဝ - ဆ" ဟု စာတန်းထိုးထားကြောင်း တွေ့ကြရ၏။

ဘာဘရာသည် အတိုကောက်စာတန်းလေးအား လက်ဖြင့်ပွတ်သပ်လျက် ...

"အဲလဇ္ဇဘက်မေရီဝီလ်ဟာမ်မီနာဆွန်းနင်း"

ဟု ရေရွတ် လိုက်၏။

"ဒါပေမဲ့ အဲလဇ္ဇဘက်က ဘယ်မှာလဲ။ အဲလဇ္ဇဘက်ရေ၊ နင် ဘယ်မှာလဲဟေ့"

ပြန်ထူးသံ မကြားရပါ။

ဂျနက် - "ဆန်းတော့ ဆန်းတယ်။ ဒီမှာ ပုန်းစရာနေရာလဲ မရှိပါဘူး။ ဘာဖြစ်လို့ ခရီးဆောင်အိတ်ကို ထားပစ်ခဲ့ပြီး ထွက်ပြေးသွားရတာလဲ။ ခရီးဆောင်အိတ်ကို တို့ တွေ့လိမ့်မယ်ဆိုတာ သူ သိမှာပဲ။ သူ ဘယ်မှာလဲ၊ အဲလဇ္ဇဘက်"

ပီတာ - "ခရီးဆောင်အိတ်ကို ဖွင့်ကြည့်မယ်ကွာ။ အထဲမှာ ထူးဆန်းတာတစ်ခုခုတော့ တွေ့ရမယ်ထင်တာပဲ။ သော့ခတ်ထားမယ် မထင်ဘူး"

သော့ခတ်မထားပါ။ အလွယ်တကူပင် ဖွင့်နိုင်ပါ၏။ အဖွဲ့ဝင်များအားလုံး ခရီးဆောင်အိတ်အတွင်းသို့ ဝိုင်းအုံကြည့်ကြသည်။ အထဲတွင် သေတ္တာလေးတစ်လုံးမှတစ်ပါး အခြားမရှိ။ သေတ္တာလေးကို ကြိုးဖြင့် စည်းနှောင်ထားလေသည်။

ကိုလင် - "သူ ခိုးထားတဲ့ ပိုက်ဆံတွေ ဖြစ်နိုင်တယ်။ ဘုရားရေ ကြည့်စမ်း၊ "ပိုက်ဆံ" လို့ စာလုံးကြီးနဲ့ ရေးထားပါကလား။ ဖွင့်ကြည့်လိုက် ပီတာ"

ပီတာသည် ကြိုးစကိုဖြေ၍ သေတ္တာကို ဖွင့်လိုက်၏။ အတွင်းမှာ သေတ္တာလေးတစ်လုံး။ ယင်းကိုလည်း ကြိုးဖြင့် စည်းနှောင်ထားသည်။ ဒုတိယသေတ္တာလေးကိုပီတာဖွင့်လိုက်ပြန်သည်၊ အတွင်းမှာ နောက်ထပ်သေတ္တာတစ်လုံး။ ပီတာ ဇဝေဇဝါ ဖြစ်သွားသည်။ သေတ္တာအထပ်ထပ်ထဲတွင် ပိုက်ဆံထည့်ထားသည်မှာ ဆန်းကြယ်နေတော့သည်။

တတိယသေတ္တာကို ပီတာ ဖွင့်လိုက်ပြန်၏။ ယင်းအတွင်းမှာတော့ ကတ်ပြားတစ်ချပ်ကို မှောက်လျက်သား တွေ့ရသည်။ ပီတာ ကောက်ယူပြီးလှန်ကြည့်လိုက်သည်။ သူ့မျက်လုံးများကိုပင်မယုံနိုင်အောင် ကတ်ပြားအား ပီတာ စူးစိုက်ကြည့်နေလေသည်။

ပန်က အလုအယက်ကြည့်ဖို့ ကြိုးစားရင်း အော်ပြီး မေးလိုက်သည်။

"ဘာရေးထားလဲ။ ဘာရေးထားလဲ"

ပီတာသည် ကတ်ပြားကို ကြမ်းပြင်ပေါ်သို့ လွှင့်ပစ်ကာ ခြေဖြင့် ဆောင့်နင်းလိုက်၏။ သူ အလွန်ဒေါသထွက်နေပုံရသည်။

"ရေးထားတာက "စူစီထံမှ ... အချစ်များစွာဖြင့်" တဲ့ကွ။ စူစီကို ပိတ်သာ ရိုက်ပစ်လိုက်ချင်တော့တာပဲ"

အဖွဲ့ဝင်အားလုံး စိတ်ဆိုးနေကြသည်။ အထူးသဖြင့် ဂျက်က ပို၍ပင် စိတ်ဆိုးနေ၏။

"ဒီလို နောက်ရသတဲ့လားကွာ။ နေနှင့်ဦး။ ငါ အိမ်ပြန်ရောက်တဲ့ အထိ။ ငါ သူ့ကို ပြောရဦးမယ်"

ဘာဘာရာ - "အခု သူ ဘယ်ရောက်သွားပြီလဲ။ တို့ ထောင့်ချိုး ကို ကွေ့လိုက်ပြီးတဲ့နောက်မှာ သူ့ကို မတွေ့တော့ဘူး။ သူ့စက်ဘီးကို ဒီအနီးအနားမှာ ဝှက်ထားတာဖြစ်မယ်"

ဂျော့ - "သူက ဒါကို ကောင်းကောင်းဇယားချပြီး လုပ်တာကွ။ အတော်ဉာဏ်ပြေးတဲ့ ကောင်မလေး။ ဘုရားသခင် ... ငါတော့ ဒီ တစ်ချီ အဲလဖွာဘက်ကို တွေ့ပြီလို့မှတ်တာ"

ဂျက် - "စူစီကတော့ ဒီအပေါ်စား ခရီးဆောင်အိတ်ဟောင်းပေါ် မှာ "အ - မ - ဝ - ဆ" စာလုံးတွေရေးရင်း ရယ်နေခဲ့မှာပဲကွ။ ငါအခုမှ မှတ်မိတော့တယ်။ ဒီအိတ်ဟာ တို့အိမ်အထပ်ခိုးပေါ်မှာ ပစ်ထားတာ ကြာပဲကြာလှပြီ"

"ကဲ ... အိမ်ပြန်ကြရအောင်ဟာ။ ငါတော့ စူစီအကြောင်း ပြော ရတာ ငြီးငွေ့လှပြီ"

ဟု ဂျနက် ပြောလိုက်သည်။

တိုက်ပျက်ကြီးမှ သူတို့ပြန်ထွက်လာပြီးစက်ဘီးကိုယ်စီနင်းလာ ခဲ့ကြ၏။ ထိုညတွင် ဂျော့၊ ဂျက်၊ ကိုလင်တို့နှင့်အတူ တွေ့ဆုံရန်ကိစ္စ ကို ပီတာ စီစဉ်လေသည်။ မိန်းကလေးများမှာ တွေ့ဆုံရာတွင် မပါကြ ရသဖြင့် စိတ်မကောင်းဖြစ်နေကြသည်။

ဂျနက် - "နင်ဟာ ဒီလို ညစွန့်စားခန်းတွေလုပ်ရင် ငါတို့ မိန်း ကလေးတွေကို အမြဲတမ်း ပထုတ်ထားခဲ့တာချည်းပဲ။ ငါတို့လည်း လိုက်ချင်တာပေါ့။ မှောင်မည်းနေတဲ့ ဥယျာဉ်ထဲမှာ ထိုင်စောင့်ရတဲ့ အလုပ်ဟာ စိတ်လှုပ်ရှားစရာကောင်းမှာပဲ။ နင်တို့ယောကျ်ားလေး တွေနဲ့အတူ တွမ်ဆိုတဲ့ ကောင်လေးပါ.ပါရင် စုစုပေါင်းငါးယောက် နော်"

ဂျော့ - "ပုလိပ်တစ်ယောက် နှစ်ယောက်လည်း ရှိနေဦးမှာ။ သူတို့ ရောက်မလာခင် တို့ အရင်ဦးအောင် ရောက်ထားမှဖြစ်မယ်။ ဥယျာဉ်ထဲကို တို့ တစ်ဖွဲ့ကြီး ရောက်လာတာတွေ့ရင် သူတို့စိတ်ရှုပ်သွားလိမ့်မယ်"

ဂျော့ ပြောသည့်စကားအဆုံးတွင် အားလုံး ဝိုင်းရယ်ကြ၏။

"ဒီည အစီအစဉ်ကို စူစီ မသိစေနဲ့နော်။ သူလာပြီး နှောင့်ယှက်လို့တော့ မဖြစ်ဘူး။ အိမ်ထဲကို အဲလဖ္ဘာဘက် ဘယ်လိုဝင်တယ်ဆိုတာ စဉ်းစားလို့ မရဘူးကွ။ သူ့မှာ သော့အပိုတစ်ချောင်းရှိနေတာလား"

ဟု ပီတာက ပြော၏။

လမ်းထောင့်တွင် ည ၁၀း၃၀ မှာ ဆုံပြီး ဘဲလင်းသို့ စက်ဘီးစီးသွားကြရန် သူတို့ စီစဉ်ကြလေသည်။

"တို့ စက်ဘီးတွေကို စည်းရိုးတန်းအောက်မှာ ဝှက်ထားပြီး ဥယျာဉ်ထဲကို နောက်ဘက်ကဝင်ကြမယ်"

ဟု ပီတာက ပြော၏။

"အန္တရာယ်တွေ့ရင် လေချွန်သံပေးဖို့ မမေ့ကြနဲ့ဟေ့"

ဂျက် - "စိတ်လှုပ်ရှားစရာ ကောင်းတယ်ကွ။ ငါ လေ့ကားတက်တာဆင်းတာကို စူစီ မသိပါစေနဲ့လို့ မျှော်လင့်ရတာပဲ"

ပီတာ - "ဂျက် ... ဒီတစ်ခါ မင်း နမော်နမဲ့လုပ်လို့ စူစီလိုက်လာတယ်ဆိုရင် မင်းကို စုံထောက်အဖွဲ့ထဲကနေ ထုတ်ပစ်မှာနော်။ ကြားလား"

◆

# [ ၁၃ ]
# စောင့်ကြည့်ချောင်းမြောင်းခြင်း



ထိုညတွင် ပီတာ၊ ဂျက်၊ ဂျော့နှင့် ကိုလင်တို့သည် သူတို့ အိမ်များဆီမှ တိတ်တဆိတ် လျှိုထွက်လာကြသည်။ ဂျက်မှာ သူ့အသံအား စူစီကြားသွားမည်ကို အစိုးကြီးစိုးနေ၏။

သို့သော် စူစီ၏ အိပ်ခန်းတံခါးကို နားကပ်ထောင်ကြည့်သောအခါ ဟောက်သံသဲ့သဲ့ ကြားရလေသည်။ ကောင်းတယ်၊ စူစီအိပ်ပျော်နေပြီ။ စူစီဟောက်သံကို ကြားရသဖြင့် ဂျက် ပျော်သွား၏။

ဘဲလင်းသို့ စက်ဘီးစီးအသွားတွင် မည်သူ့ကိုမျှ သူတို့ မတွေ့ကြရ။ ယုတ်စွအဆုံး ပုလိပ်တစ်ယောက်ကိုပင် မတွေ့ရသဖြင့် သူတို့ ဝမ်းသာမိကြသည်။ လေးယောက်သား စက်ဘီးများကို ဘရမ်ဘယ် အိမ်အလွန် စည်းရိုးတန်းအောက်တွင် ထိုးသွင်းထားလိုက်ကြ၏။ အိမ်ကြီးမှာ ပကတိအမှောင်ထဲတွင် တည်နေပေသည်။

"လေချွန်သံပေးမယ့်အလုပ်ကို ငါ လုပ်မှာနော်။ တို့အားလုံး လေချွန်သံပေးရင် ပုလိပ်တွေ မသင်္ကာဖြစ်လိမ့်မယ်"

ဟု ပီတာက တီးတိုးပြော၏။

ဂျော့ - "အေးပါ၊ တို့ ပုန်းနေရမယ့်နေရာကို ရွေးလို့ရပြီလား။ တို့အထဲက နှစ်ယောက်က အိမ်ရှေ့မှာပုန်းနေပြီး ကျန်တဲ့နှစ်ယောက်က အိမ်နောက်ဘက်မှာ ပုန်းနေရင် မကောင်းဘူးလား"

ပီတာ - "မကောင်းဘူး။ နှစ်ယောက်က အိမ်နောက်ဘက်မှာ နေရာယူ။ ကိုလင်က အိမ်ရှေ့ဘက်မှာ နေရာယူ။ ကျန်တဲ့တစ်ယောက်က ဘေးတံခါးနားမှာ နေရာယူ။ အဲလဖွာဘက်ဆီမှာ ဘေးတံခါးသော့ ရှိနေနိုင်တယ်လို့ မစ္စဝပ်ဒယ်ပြောထားတာကို မမေ့နဲ့"

ဂျက် - "အေး ... ဟုတ်တယ်။ ငါက ဥယျာဉ်တံခါးဘေးက စည်းရိုးတန်းထဲမှာ သွားပုန်းနေမယ် ပီတာ"

ပီတာသည် ကောင်းကင်ကိုမော့ကြည့်ရင်း ...

"မှောင်လိုက်တာ ကွာ"

ဟု ပြောလိုက်၏။

"လလည်း မသာဘူး။ တိမ်ထူတဲ့ညပဲကွာ။ ကြယ်ရောင်တောင် မလက်ဘူး။ အဲဒီလောက်မှောင်နေတာ တို့ မျက်လုံးတွေ ပြူးပြဲကြည့်နေမှဖြစ်မယ်"

ကိုလင် - "တော်နေကျရင် တို့မျက်လုံးတွေ အမှောင်ထဲမှာ ကျင့်သားရလာကြမှာပါ။ ဟိတ် ... နားထောင်စမ်း ဘာသံလဲ"

သူတို့အနီးအနားမှအသံတစ်သံပေါ်ထွက်လာသည်။ထို့နောက် အရိပ်တစ်ခု။

"ငါပါကွ တွမ်ပါ။ ငါ ဒီမှာပုန်းနေတာ။ မင်းတို့ပြောနေတာတွေ ကြားရတယ်။ မင်းတို့ ဘယ်မှာပုန်းကြမှာလဲ"

သူတို့က ပုန်းနေမည့်နေရာများကို ပြောပြကြသည်။

"ငါတော့ သစ်ပင်ပေါ်တက်ပုန်းနေရင် ကောင်းမယ်ထင်တယ်"

ဟု တွမ်က တိုးတိုးပြော၏။

"သစ်ပင်ပေါ်ကနေ စောင့်ကြည့်ရတာပိုကောင်းတယ်ကွ။ ဘယ်ပုလိပ်မှလည်း လာမယ်မထင်ဘူး။ ငါ ဒီရောက်နေတာ အတော်ကြာသွားပြီ"

ပီတာ - "တစ်ယောက်ယောက်လာတာတွေ့ရင်လေချွန်သံပေး လိုက်။ ငါပြန်ပေးမယ်။ ဒါပေမဲ့ မင်းနဲ့ငါပဲ လေချွန်သံပေးရမှာနော်"

"ငါ တကာယ်ပုန်းရမယ့် သစ်ပင်ကို ရှာရဦးမယ်။ ကြည့်စမ်း ဟို သစ်ပင်ကို ... နံရံနားမှာ။ အဲဒီအပင်ပေါ်ကဆိုရင် ကောင်းကောင်း မြင်နိုင်တယ်ကွ"

အဖွဲ့ဝင်လေးယောက်တို့က သူတို့အသီးသီး ပုန်းအောင်းနေကြ မည့် နေရာများကို စိတ်လှုပ်ရှားတက်ကြွစွာ ရှာဖွေကြသည်။ ပျော် စရာပါပဲ။ တွမ် သစ်ပင်ပေါ်တက်သွားသည့်အသံကို ကြားလိုက်ကြ ၏။ ထို့နောက် တိတ်ဆိတ်သွားလေသည်။ ပီတာသည် ချုံပုတ်တစ်ခု ထဲသို့ တိုးဝင်သွား၏။

ရုတ်တရက် ကြားလိုက်ရသည့် စူးစူးဝါးဝါး အော်သံကြောင့် သူ တို့အားလုံး ရင်ခုန်နှုန်း မြန်သွားကြသည်။ ဘာသံပါလိမ့်။ ထို့နောက် အရိပ်ဖြူဖြူတစ်ခုကို ဥယျာဉ်ထဲမှာ မြင်ရ၏။ ထို့နောက် အားလုံး သက်ပြင်းချမိကြသည်။

လင်ကောင်ပိုးငှက်တစ်ကောင်ဖြစ်မည်ဟု ပီတာ ထင်သည်။ ဘုရားသခင်၊ လန့်ဖျပ်ပြီး ထခုန်မိတော့မလို့။

အတန်ကြာအောင် ငြိမ်သက်နေပြီးနောက်တွင် ဥယျာဉ်ကို ဖြတ်သန်းလာသည့် လေချွန်သံကြားရသည်။

တွမ့်ထံမှအသံဟု ပီတာ ထင်လိုက်၏။ ပုန်းခိုနေသူများအားလုံး တောင့်တင်းသွားကြပြီး အမှောင်ထုထဲသို့ အားယူကြည့်နေလိုက် ကြသည်။

ထို့နောက် ပီတာပုန်းနေသည့် ချုံပုတ်အား တစ်စုံတစ်ယောက် က ပွတ်တိုက်သွား၏။ ပီတာ ကြောက်ရွံ့ပြီး နောက်သို့ဆုတ်လိုက် သည်။ ချောင်းဆိုးသံ ကြားသည်။ လူကြီးတစ်ယောက်၏ချောင်းသံ။ ပုလိပ်တစ်ယောက်ပဲ ဖြစ်မည်။ ပုန်းအောင်းစရာနေရာတစ်ခုကို ထို သူ တွေ့သွားပြီးချိန်အထိ ပီတာ စောင့်ကြည့်နေပြီးနောက် လေချွန် သံပေးလိုက်၏။

ယခုဆိုလျှင် ဥယျာဉ်ထဲတွင် အနည်းဆုံး ပုလိပ်တစ်ယောက် ရောက်နေကြောင်း အားလုံးသိရှိလေတော့မည်။ ပီတာမှာ ရင် တဒိတ်ဒိတ် ခုန်စပြုလာသည်။ အခြေအနေသည် ရုတ်တရက် အလွန်ဆန်းကြယ်လာသလို၊ အလွန်စိတ်လှုပ်ရှားဖွယ်ဖြစ်သလို မှတ်ထင်ရသည်။

ပတ်ပတ် လည်မှာ အရိပ်မည်းကြီးများနှင့် ပုန်းအောင်းစောင့် ဆိုင်းနေကြသူများ။ သည်ညတွင် အဲလဖ္ဇဘက်သည် သူ့အဘွားအိမ် သို့ လာရောက်မှ လာရောက်ပါတော့မလားဟု ပီတာ တွေးနေ၏။ သူစိမ်းများ ဝန်းရံနေသည့်ကြားထဲသို့ အဲလဖ္ဇဘက်ရောက်လာလျှင် ရုတ်တရက်တော့ ကြောက်စရာကောင်းပေလိမ့်မည်။

ထို့နောက် ရုတ်တရက် အံ့အားသင့်စွာ ကြည့်လိုက်မိ၏။ အိမ် ပေါ်ထပ်အခန်းထဲမှမီးအလင်းရောင်လား။လက်နှိပ်ဓာတ်မီးအလင်း ရောင်မျိုးလား။ မှန်သည်။ လက်နှိပ်ဓာတ်မီး အလင်းရောင်။ ချထား သော ခန်းဆီးစများနောက်တွင် ဟိုမှသည်မှ ရွေ့လျားနေသည့် အလင်းတန်းကို မြင်နေရသည်။

အဲလဖ္ဇဘက်ရောက်နေတာ ဖြစ်မည်။ တစ်နည်းနည်းဖြင့် အိမ် ထဲသို့ ရောက်နေတာ ဖြစ်မည်။ ဒါမှမဟုတ် မစ္စဝပ်ဒယ် မဖြစ်နိုင်ဘူး လား။ မဖြစ်နိုင်။ မစ္စဝပ်ဒယ်ဆိုလျှင် မီးဖွင့်လိုက်မှာပဲ။

ပီတာသည် လေချွန်သံပေးလိုက်ပြန်၏။ လေချွန်သံကြောင့် အားလုံးကို နိုးနိုးကြားကြား ရှိနေကြစေလိမ့်မည်။ အိမ်ထဲမှာ အဲလဖ္ဇ ဘက် ရှိနေလျှင် အိမ်ပြင်သို့ သူ ထွက်လာလိမ့်မည်။ သို့ဖြစ်လျှင် သူ တို့အထဲမှ တစ်ယောက်ယောက်ကတော့ အဲလဖ္ဇဘက်ကို မြင်မှာ မုချပဲ။

အိမ်ပေါ်ထပ်မှ အလင်းရောင်ပျောက်သွားသည်။ နောက်ထပ် အခန်းတစ်ခန်းအတွင်းမှာ အလင်းရောင်ပေါ်လာပြန်သည်။ မီးဖိုခန်း ဖြစ်လိမ့်မည်ဟု ပီတာထင်၏။ ဆာလောင်မွတ်သိပ်နေသည့် အိမ် ပြေးမလေး စားစရာ ရှာနေတာလား။

သူ့အိမ်ထဲကို ဘယ်လိုဝင်တာပါလိမ့်။ ဤသည်ထက် ပိုမိုအရေးကြီးသည်မှာ ဘယ်နေရာကနေ အဲလဇ္ဇာဘက် ပေါ်လာလိမ့်မလဲဆိုတာပဲ ဖြစ်သည်။

# [ ၁၄ ]
# တကယ့်သည်းထိတ်ရင်ဖို



အိမ်ထဲတွင် လက်နှိပ်ဓာတ်မီးအလင်းတန်းသည် ဟိုဟိုသည်သည် ရွေ့လျားလျက်ရှိနေ၏။ ထို့နောက် ခလုတ်ပိတ်လိုက်သလို အလင်းရောင် လုံးဝပျောက်သွားသည်။ စောင့်ကြည့်နေကြသူအားလုံးနားစွင့်လျက်ရှိကြသည်။ယခုလောက်ဆိုလျှင်အဲလဖ္ဖဘက်သည် အိမ်မှ ထွက်ခွာတော့မည်။ ဘယ်တံခါး၊ ဘယ်ပြတင်းကများ သူထွက်လာလေမလဲ။

တစ်စုံတစ်ရာ ထူးခြားမှုမရှိပါ။ မည်သည့်တံခါးမျှ ပွင့်မလာ။ မည်သည့်ပြတင်းမျှ ကျွီခနဲအသံမြည်မလာ။ စောင့်ကြည့်နေကြသူများမှာ ၁၀ မိနစ်ကြာမျှ မတ်တတ်ရပ်လျက် ငြိမ်သက်နေကြသည်။ ထို့နောက် ဥယျာဉ်၏တစ်နေရာမှ လူကြီးတစ်ယောက်အသံ ပေါ်လာလေသည်။

"ဝီလ် ... တစ်ယောက်ယောက် တွေ့သလား"

နောက်လူ၏ဖြေသံကြောင့် ပီတာ အလွန်အမင်းအံ့ဩသွား၏။

"ဟင့်အင်း ... ဘယ်သူမှ မတွေ့ဘူး။ ချာတိတ်က အိမ်ထဲမှာပဲ ရှိနေတုန်း ဖြစ်မယ်။ တို့ မစ္စဝပ်ဒယ်ကို တံခါးခေါက်ခေါ်ပြီး ရှာကြည့်ကြမယ်"

ဥယျာဉ်ထဲမှာ ပုလိပ်နှစ်ယောက် ရှိနေတာပဲ။ လက်နှိပ်ဓာတ်မီးများထိုးကာ အိမ်ရှေ့တံခါးဆီသို့ လျှောက်သွားသော ပုလိပ်နှစ်ယောက်ကို ပီတာတို့ မြင်လိုက်ကြသည်။

ပီတာ နောက်တစ်ကြိမ် လေချွန်သံပေးလိုက်ပြန်သည်။ အခုိုပါ လေချွန်သံမှာ ပီတာက သူတို့အား သူ့ထံလာစေလို၍ဖြစ်ကြောင်း ကျန်လူများ သဘောပေါက်ပြီး ပုန်းအောင်းနေရာမှ ထွက်လာကြ၏။ တွမ်လည်း သစ်ပင်ပေါ်မှဆင်းပြီး သူတို့နှင့် လာရောက်ပူးပေါင်းလေသည်။

ပီတာ - "ပုလိပ်တွေဟာ တို့မြင်တာ ကြားတာထက် ပိုပြီး မမြင်ကြ မကြားကြပါဘူး။ တွမ် ... မင်းကော ဘာမြင်သေးလဲကွ"

"ဘာမှမမြင်ဘူးကွ။ ဒီမှာ ငါပြန်ရင် ကောင်းမယ်ထင်တယ်။ ပုလိပ်က ငါ့ကို သိတာမဟုတ်ဘူး။ တော်ကြာ ... ငါ့ကို မင်းတို့နဲ့အတူ ဘာလုပ်နေတာလဲလို့ တွေးနေကြလိမ့်မယ်။ နောက်မှ တွေ့ကြမယ်ကွာ"

တွမ်သည် ညဉ့်အမှောင်ထဲတွင် လှစ်ခနဲ ပျောက်သွားလေသည်။ ပီတာတို့လေးဦးသည် အိမ်ရှေ့တံခါးဆီသို့ လျှောက်သွားကြ၏။ တံခါးမှာ ပွင့်နေပေပြီ။ တံခါးအနီးရှိ အမှောင်ရိပ်ကိုခိုကာ ပုလိပ်နှစ်ယောက်နှင့်မစ္စဝပ်ဒယ်အားစောင့်ကြည့်နေကြသည်။မစ္စဝပ်ဒယ်သည် အစိမ်းရောင် ညအိပ်ဝတ်ရုံဖားဖားကြီးကို ဆင်မြန်းထားပြီး ဆံပင်ကို ဆံညှပ်များဖြင့် ထိုးနှောင်ထား၏။

"အို ... ရှင်တို့ပါလား။ အထဲဝင်ကြလေ။ ကျွန်မ အိပ်ပျော်သွားတာ အားနာလိုက်တာရှင်။ ဘာပစ္စည်းပျောက်သလဲလို့ ကျွန်မနဲ့ အတူ သွားကြည့်ကြမလား"

"ကောင်းသားပဲ … မစ္စဝပ်ဒယ်။ ခင်ဗျားတို့အိမ်ထဲမှာ လူတစ်ယောက် ဝင်နေတယ်ဆိုတာ ကျွန်တော်တို့သိတယ်။ အခန်းနစ်ခန်းထဲမှာ လက်နှိပ်ဓာတ်မီးအလင်းရောင် တွေ့တယ်လေ။ ကျွန်တော်တို့ထဲက တစ်ယောက်က အိမ်ထဲမှာ ရှာကြည့်မယ်။ ကျန်တဲ့တစ်ယောက်ကကောင်မလေး၊အင်းလေ…ကောင်မလေးဖြစ်နေရင်ပေါ့။ ထွက်ပြေးရင် စောင့်ဖမ်းဖို့ အပြင်မှာ စောင့်ကျန်ရစ်မယ်။ ကျွန်တော်တို့ သူ့ကို ထွက်လာတာရော ဝင်လာတာပါ မမြင်မိပေမဲ့ သူ့လက်နှိပ်ဓာတ်မီးအလင်းရောင်ကိုတော့ မြင်တယ်ဗျ"

ဟု ပုလိပ်တစ်ယောက်က ပြော၏။

"အို … ဟုတ်ကဲ့။ ကျွန်မ သဘောပေါက်ပါတယ်။ အထဲဝင်ပါ။ အသံတော့ မထွက်ပါစေနဲ့ရှင်။ အမယ်ကြီး လန့်မှာစိုးလို့ပါ။ လာပါ မီးဖိုခန်းထဲကို။ စားစရာတွေ လျော့နေရင် ကျွန်မ ပြောပြနိုင်တာပေါ့"

ပုလိပ်တစ်ယောက်သည် မစ္စဝပ်ဒယ်နှင့်အတူ စင်္ကြံလမ်းတစ်လျှောက် ပျောက်ကွယ်သွားပြီး ကျန်ပုလိပ်တစ်ယောက်မှာ ဥယျာဉ်ထဲတွင် အစောင့်ကျန်ရစ်ခဲ့၏။ အဲလဖ္ဘာက်ဟာ အိမ်ထဲမှာ သေချာပေါက် ရှိနေသလား။

သူသည် အမြင်မခံရဘဲနှင့် ဘယ်တံခါး၊ ဘယ်ပြတင်းကမှ အပြင်သို့ မထွက်နိုင်ပါ။ မစ္စဝပ်ဒယ်နှင့် ပုလိပ်ရှာဖွေနေသည့် အခန်းများတွင် မီးလင်းနေသည်ကို ပီတာတို့လူစု မြင်ကြရသည်။

အချိန် အတော်ကြာညောင်းသွားသည်ဟု ထင်မိကြသည်။ ထို့နောက် ခန်းမထဲမှ အသံများကို ကြားရ၏။ မစ္စဝပ်ဒယ်သည် ပုလိပ်နှင့်အတူ တံခါးဆီသို့ လျှောက်လာနေသည်။

"ဘာမှ အစီရင်ခံစရာမရှိဘူး ဝီလ်"

အိမ်ထဲမှထွက်လာသည့် ပုလိပ်က ဥယျာဉ်ထဲတွင် စောင့်ကျန်ရစ် သည့် ပုလိပ်အား ပြောလိုက်သည်။

"အိမ်ထဲမှာ ဘယ်သူမှ မရှိဘူး။ မစ္စဝပ်ဒယ်က သေချာအောင် အမယ်ကြီးအခန်းထဲတောင် ဝင်ကြည့်သေးတယ်"

"အပြင်ဘက်ကိုလည်း ဘယ်သူမှ ထွက်မလာဘူး။ ဘာတွေ ပျောက်သွားသေးလဲ"

ဟု ဝီလ်အမည်ရှိ ပုလိပ်က မေးသည်။

"စားစရာတွေ ထပ်ပျောက်သွားတယ်။ တခြားတော့ မပျောက်ဘူး။ အံ့ဩစရာ မကောင်းဘူးလား။ ဒီလောက် စောင့်ကြည့်နေတဲ့ကြားက အိမ်ထဲကို ဝင်နိုင်တယ်ဆိုတာ။ ကောင်းပြီလေ၊ ကျေးဇူးတင်ပါတယ် မစ္စဝပ်ဒယ်။ ဘာမှမဟုတ်တဲ့ကိစ္စနဲ့ အနှောင့်အယှက်ပေးရတာတော့ စိတ်မကောင်းပါဘူးဗျာ။ ဒီကောင်မလေး၊ အင်းလေ … ကောင်မလေးပဲ ဖြစ်မှာပါ။ အထဲကို ဘယ်လိုဝင်တယ်ဆိုတာ ကျွန်တော် စဉ်းစားလို့ မရလောက်အောင်ပဲဗျ။ သူ့ကို ရှာမတွေ့အောင် ပုန်းနေနိုင်တာလဲ အံ့ဩစရာပဲ။ သူ့ကို ကျွန်တော်တို့ တောပိုင်းအနှံ့ ပိုက်စိပ်တိုက် ရှာပြီးပြီ။ အင်းလေ … မနက်ဖြန်ဆို ပြင်သစ်က သူ့အစ်ကိုလည်း ရောက်လာ တော့မှာပဲ"

ပုလိပ်နှစ်ယောက် ထွက်သွားကြ၏။ အိမ်ရှေ့တံခါး ပိတ်သွားသည်။ ခန်းမထဲတွင် မီးမှိတ်သွားပြီးနောက် အပေါ်ထပ်တွင် မီးလင်းလာ၏။ ထို့နောက် အဆိုပါမီးပါ မှိတ်သွားပြန်၏။ မစ္စဝပ်ဒယ်သည် အိပ်ရာထဲမှာ အိပ်စက်နေတော့ပြီ။

"မင်း ဘယ်လိုသဘောရလဲ ပီတာ။ မဆန်းဘူးလား"

ဂျက်က တီးတိုးမေးလိုက်သည်။

"အေး … ငါတော့ နားမလည်နိုင်ဘူးကွာ။ ဒီမှာ တို့လေးယောက်ရယ်၊ ပုလိပ်နှစ်ယောက်ရယ် စောင့်ကြည့်နေကြတယ်။ တွမ်လည်း သစ်ပင်ပေါ်ကနေ ကြည့်နေတယ်။ အဲလဖွဘက် အိမ်ထဲဝင်သွားတာကို တစ်ယောက်မဟုတ် တစ်ယောက်ကတော့ မြင်ရမှာပေါ့"

"ပြီးတော့ သူလာရင် ဥယျာဉ်ထဲကပဲ ဝင်လာရမှာ။ ဒါကို ငါတို့ မတွေ့ဘူး။ အသံဗလံတောင် မကြားဘူးဆိုတာတော့ ငါလည်း နားမလည်နိုင်တော့ဘူး"

ဟု ဂျက်က ပြော၏။

"ကိုင်း ... လာကြ။ တို့ အိမ်ပြန်ပြီး အိပ်ရင်းစဉ်းစားကြမယ်။ ငါ သိပ်ပင်ပန်းနေပြီကွာ"

"အင်း...သနားစရာအဲလဖ္ဗာဘက်။ သူဘယ်လိုခံစားနေရပါ့မလဲ။ အစာကို ညဘက်ကျမှ ခိုးစားရတယ်။ နေ့ခင်းဘက်မှာတော့ လူမမြင်အောင် ပုန်းနေရတယ်။ သူ သိပ်ပြီး ဒုက္ခရောက်နေမှာပဲ"

ဟု ပီတာ ရေရွတ်လိုက်သည်။

"အင်း ... သူ့အစ်ကိုတော့ ကူညီနိုင်ကောင်းပါရဲ့ကွာ။ သူ နက်ဖြန် ရောက်လာမှာပဲ။ လာကွာ ... ငါတို့ အိမ်ပဲပြန်ကြစို့"

ဟု ကိုလင် ပြောလေသည်။

◆

# [ ၁၅ ]
# စိတ်ညစ်စရာများ



လွန်ခဲ့သောညက ပင်ပန်းခဲ့ကြသဖြင့် ကလေးစုံထောက်အဖွဲ့မှ ယောကျ်ားလေး လေးယောက်တို့သည် ယနေ့နံနက်တွင် အိပ်ရာထ နောက်ကျကြ၏။ မနေ့ညက အခြေအနေကို အကျိုးအကြောင်း သိချင်နေသော ဂျနက်မှာ ပီတာ အိပ်ရာမှမထနိုင်သဖြင့် စိတ်တိုနေလေသည်။

"ဘုရားသခင်၊ ငါတော့ ကျောင်းနောက်ကျပြီ"

ပီတာသည် အိပ်ရာထဲမှ ခုန်ထွက်လိုက်၏။

"နင်ကလည်း စောစောကတည်းက ငါ့ကို နိုးပါတော့လား"

"နင့်ကို ငါ ရေနဲ့လောင်းတယ်၊ နားထဲကို အော်ထည့်တယ်၊ အဝတ်အစားတွေ ချွတ်ပစ်တယ်။ စကင်ပါကလည်း ဟောင်လိုက်တာမှ ဒို့ထက်ပိုပြီး နင့်ကို ဘယ်လိုနှိုးရဦးမှာလဲ။ ညက ဘာတွေ ဖြစ်လဲဟင်"

"ဟင့်အင်း ... ဘာမှမဖြစ်ပါဘူး။ ဘာဆိုဘာမှ မဖြစ်ပါဘူး"

ပီတာက အဝတ်အစားကို အပြေးအလွှားဝတ်ရင်း ဂျနက်ကို ပြန်ပြော၏။

"ငါဆိုလိုချင်တာက အဲလဖွဘာက်ကို တို့ မမိခဲ့ဘူးလို့ ပြောချင်တာ။ သူ အိမ်ထဲဝင်တယ်၊ လိုချင်တာယူတယ်၊ အိမ်ထဲကနေ ပြန်ထွက်သွားတယ်။ ဒါပေမဲ့ တို့တွေ ဘယ်သူမှ သူ့ကို မမြင်လိုက်ကြဘူး။ ဒါကြောင့် ဘာမှ မဖြစ်ဘူးလို့ နင့်ကို ပြောတာ။ ဟုတ်ကဲ့ပါ ... မေမေ၊ သား လာပါပြီ"

ပီတာသည် အောက်ထပ်သို့ ပြေးဆင်းသွားပြီး သူ့မိခင် ပြင်ပေးသော နံနက်စာကို မတ်တတ်ရပ်လျက် စားရ၏။ ထို့နောက် စက်ဘီးကို သုတ်ခြေတင်နင်းကာ ကျောင်းသို့သွားလေသည်။

အိမ်မှမထွက်ခင် ...

"၅း၃၀ မှာ အစည်းအဝေး ရှိတယ်နော်။ ပန်နဲ့ ဘာဘရာကို ပြောလိုက်"

ဟု မှာသွားလေသည်။

◆

အစည်းအဝေးမှာ သိပ်ပြီး ပျော်စရာမကောင်းလှပါ။ မျှော်လင့်ထားသလို ဖြစ်မလာသောကြောင့် ဖြစ်သည်။

"နင်တို့ အိပ်ပျော်နေလို့ ဖြစ်မှာပေါ့။ လူခုနစ်ယောက်တောင် ရှိတာဟာ အိပ်ပျော်မနေကြဘူးဆိုရင် သူဝင်လာတာ တွေ့ကို တွေ့ရမယ်။ နင်တို့ အိပ်ပျော်နေလို့ဆိုတာ ငါ ပြောရဲတယ်"

ဟု ပန်က ပြော၏။ ပီတာ စိတ်တိုသွားသည်။

"တိတ်စမ်း ပန်၊ နင် ဘာမှလည်း သိတာမဟုတ်ဘဲနဲ့"

"ဟုတ်ပါတယ်။ ငါဆိုလိုတာက အိမ်ထဲကို အဲလဖွဘာက် ဝင်မလာလို့ မတွေ့တာဖြစ်မှာပေါ့။ အဲသလိုမဟုတ်ရင်လည်း အိမ်ထဲက တစ်နေရာရာမှာများ ဝင်ပုန်းနေသလား"

"အိမ်ထဲမှာလည်း အရှင်းကြီး ပန်ရဲ့၊ အထပ်ခိုးတို့၊ မြေတိုက်ခန်းတို့လည်း ရှိတာမဟုတ်ဘူး။ တို့ တစ်ခုတော့ သိခဲ့ရတယ်။

အဲလဖ္ဖဘက်ရဲ့အစ်ကို ပြင်သစ်ကနေ ဒီနေ့ ပြန်ရောက်လာမယ်တဲ့။ သူတော့ တစ်ခုခုပြောနိုင်မယ် ထင်တာပဲ"

"နင်တို့ သူနဲ့ သွားတွေ့ကြည့်ဖို့ကောင်းတယ်။ နင်တို့ သိထားတာတွေ သူ့ကို ပြောပြရမှာပေါ့။ ဆိုပါတော့ ဂေါ်တွန်မှာ အဲလဖ္ဖဘက်ကို တွမ် တွေ့လာတဲ့အကြောင်းမျိုးပေါ့"

"အား ... နင်ပြောတာ သိပ်ကောင်းတယ်"

ဟု ပြောပြီး ပီတာသည် ဂျက်ဘက်သို့ လှည့်ကာ ...

"မင်း ငါနဲ့လိုက်မလား ဂျက်။ အဲလဖ္ဖဘက်ရဲ့အစ်ကိုနဲ့ ငါ သွားတွေ့ချင်တယ်"

"ဝုတ် ... ဝုတ် ... ဝုတ်"

ရုတ်တရက် စကင်ပ်၏အသံ ပေါ်လာ၏။

"ဘာဖြစ်လို့လဲဟေ့။ စကင်ပ် ဘာကိုမြင်လို့ ဟောင်နေတာလဲ။ စူစီလာတာဆိုရင်တော့ သူ့ကို ငါ ပိတ်ပြောပစ်လိုက်ဦးမယ်"

ဟု ပီတာက စိတ်တိုစွာ ပြောသည်။

စူစီပါပဲ။ ပီတာ တံခါးကို ဖွင့်လိုက်သောအခါ တံခါးဝတွင် စပ်ဖြဲဖြဲ မျက်နှာပေးနှင့် ရပ်နေသောစူစီကို တွေ့လိုက်ရ၏။ စူစီသည် ...

"ပူဒီနာဆော့"

ဟု ပြောလိုက်ပြီး ...

"ငါ့ကို ဝင်ခွင့်ပေးပါ။ ငါ သဲလွန်စအကြီးကြီးတွေ ရထားတယ်။ အဲလဖ္ဖဘက် ဘယ်မှာလဲ၊ သူ ဘာလုပ်နေလဲဆိုတာ ငါ သိတယ်"

"မဝင်ရဘူး"

ပီတာ ဒေါသထွက်စွာ အော်ပစ်လိုက်သည်။ ထို့နောက် ဂျက်အား လှမ်းခေါ်ပြီး ...

"ဂျက်၊ စူစီကို ဆွဲထုတ်သွားလိုက်။ ပမ်၊ ဘာဘရာ၊ ဂျနက် စူစီကို ဆွဲထုတ်သွား"

ချက်ချင်းပင် စူစီမှာ ဝင်းတံခါးသို့ရောက်အောင် ဆွဲထုတ်ခြင်းခံလိုက်ရသည်။ အပြင်းအထန် ကန်ကျောက်ရုန်းကန်ရင်း ပါသွားပြီး..

"အေးပါ ... ကြည့်နေ။ နင်တို့ကို ငါ သဲလွန်စအကြီးကြီးတွေ ပြောမပြတော့ဘူး။ ငါပြောတာမှန်ကြောင်း နောင်တော့ နင်တို့ သိရစေ့မယ်။ နင်တို့ရဲ့စကားဝှက်ကိုလည်း ငါသိတယ်။ ဟောဒီမှာကြည့်၊ ပူဒီနာဆော့ ... ပူဒီနာဆော့ ... ပူဒီနာဆော့ ..."

စူစီသည် မြေလမ်းသွယ်လေး၏ထိပ်တွင် ပျောက်ကွယ်သွား၏။ ကလေးစုံထောက်အဖွဲ့ဝင်များ တဲကြီးအတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသည်။

ပီတာ - "ငါတို့တော့ စကားဝှက်အသစ်ပြောင်းမှဖြစ်တော့မယ်။ ဒါထက် အဲဒါကို စူစီ ဘယ်လိုသိသွားတာလဲ။ ဟေ့ ... ဂျက်၊ မင်း အိပ်ပျော်နေရင်း ယောင်ပြီးပြောမိတာတော့ မဟုတ်ပါဘူးနော်"

ဂျက်သည်လည်း စူစီကို ဒေါပွနေ၏။

"ဒီအနီးအနားမှာ စူစီ လာပုန်းနေတုန်း ကြားသွားတာ ဖြစ်မယ်ကွ။ အတော်ဆိုးတဲ့ စူစီ။ သူ အဲလဖ္ဖဘက်ကိစ္စကို တစ်ခုခု သိထားတယ်လို့ မင်း မထင်ဘူးလား ပီတာ"

"ဘယ်လိုသိနိုင်မှာလဲကွာ။ မင်းသူ့ကိုမဆုံးမနိုင်တော့ဘူးလား။ ဂျနက်သာ စူစီလိုလုပ်လို့ကတော့ ငါဆို ပိတ်ပြောပစ်လိုက်မှာ"

ဂျနက် - "အမယ် ... စမ်းကြည့်လိုက်လေ"

ဘာဘရာ - "ဘုရားသခင်၊ ဒီနေ့တော့ စိတ်ညစ်စရာတွေချည်းပါလားကွယ်။ ကိုင်း ... တို့မှာ ဘာအစီအစဉ်ရှိသေးလဲ"

ပီတာသည် စိတ်ကို လျှော့ချလိုက်ပြီး ...

"ဂျက်နဲ့ငါ အဲလဖ္ဖဘက်ရဲ့အစ်ကိုနဲ့ သွားတွေ့ဖို့ပဲ ရှိတယ်။ အမယ်ကြီးအိမ်ကိုတော့ သူ လာမှာပဲ။ လာဟေ့ ... ဂျက်။ ဒီအစည်းအဝေးလည်း ငါ ငြီးငွေ့လာပြီ။ ငါတို့သွားရအောင်"

◆

| ၁၆ |

# မထင်မှတ်သော ဖုန်းသတင်း



ဘရမ်ဘယ်အိမ်သို့ ပီတာနှင့် ဂျက် ရောက်သွားသည့်အခါ ဥယျာဉ်ထဲတွင် လူသုံးဦးထိုင်နေကြသည်ကို စည်းရိုးတန်းပေါ်မှ ကျော်၍မြင်ရသည်။

တစ်ယောက်မှာ မစ္စဝပ်ဒယ်၊ နောက်တစ်ယောက်မှာ အမယ်ကြီး မစ္စက်ဆွန်းနင်းနှင့် ကျန်တစ်ယောက်မှာ အသက် ၁၈ နှစ်ခန့် လူငယ်တစ်ဦး။

"အဲဒါအဲလဇ္ဇဘက်ရဲ့အစ်ကိုဆိုတာ ဖြစ်မယ်ကွ။ တို့ဝင်သွားရင် မစ္စဝပ်ဒယ်က လှမ်းမြင်ပြီး ခေါ်မှာပဲ"

မစ္စဝပ်ဒယ်က သူတို့ကိုမြင်ပြီး လှမ်းခေါ်၏။

"အဲဒါ အထည်ပဟောင်းတွေလာပို့တဲ့ သူငယ်လေးနှစ်ယောက်ပေါ့။ လာကြ ... လာကြ"

ပီတာနှင့်ဂျက် ဝင်ထိုင်ကြသည်။

"မင်္ဂလာညနေခင်းပါ ခင်ဗျာ။ အမယ်ကြီးရဲ့မြေးမလေး သတင်းကို ကြားတယ်ထင်ပါတယ်"

ဟု ပီတာ ပြောလိုက်၏။

"မကြားပါဘူးကွယ်"

ဟု ပြောပြီး မစ္စက်ဆွန်းနင်း မျက်ရည်သုတ်လေသည်။

"ဒါက ငါ့မြေးချားလ်စ်၊ အဲလဇ္ဇဘာက်ရဲ့အစ်ကိုပဲ။ အဲလဇ္ဇဘာက်က သူ့အစ်ကို့ကို သိပ်ချစ်တာ။ သူ့အစ်ကို ပြန်ရောက်တယ်ကြားရင် ပုန်းနေရာကနေ သူ ရောက်လာနိုင်တယ်"

ပီတာ – "ကျွန်တော်တို့ တစ်နေ့က ဝေါတွန်မှာ အဲလဇ္ဇဘာက်ကို တွေ့ခဲ့တယ်ပြောတဲ့ ကောင်လေးတစ်ယောက်နဲ့ တွေ့ပါတယ်"

ချားလ်စ် – "ဘာပြောတယ်၊ အဲလဇ္ဇဘာက်ကို ဝေါတွန်မှာ တွေ့ခဲ့တယ် ဟုတ်လား။ မဖြစ်နိုင်ဘူး။ အဲဒီကောင်လေးက ဘယ်သူလဲ"

"ဝါနာမြင်းဇောင်းက အလုပ်သမားလေး တစ်ယောက်ပါ။ ခင်ဗျားနဲ့တွေ့ဖို့ ပြင်သစ်ကို သွားမယ့်အကြောင်း အဲလဇ္ဇဘာက်က ပြောတယ်လို့ သူကပြောတယ်"

"အဲလဇ္ဇဘာက်က ငါနေတဲ့ နေရာအတိအကျကို သိတာမှ မဟုတ်ဘဲ။ အနေတောင် ပုလိပ်တွေက ငါ့ကို အတော်ခက်ခက်ခဲခဲ ဆက်သွယ်ယူရတာ။ ငါ့ကို ပြင်သစ်နိုင်ငံမှာ ရှိတယ်ဆိုတာ သိရုံ လောက်နဲ့ လိုက်လာရလောက်အောင် အဲလဇ္ဇဘာက် မရူးသေးဘူး ထင်တယ်။ ငါ သူနဲ့ သွားတွေ့မယ်"

ချားလ်စ် ထိုင်ရာမှထသည်။ ထိုစဉ် အိမ်ထဲမှ တယ်လီဖုန်း မြည်သံကြားရသဖြင့် ချားလ်စ်သည် အိမ်ထဲသို့ ပြေးဝင်သွား၏။ အတန်ကြာသောအခါ ရေးကြီးသုတ်ပျာ ပြန်ထွက်လာသည်။

"ဘွားဘွား ... အဲလဇ္ဇဘာက်ရဲ့ဆရာမဆီက ဖုန်း"

"အို ... သမီးလေး ကျောင်းပြန်သွားလို့လား။ သူ့ဒေါ်လေးဆီ ပြန်ရောက်သွားလို့လား"

"မဟုတ်ဘူး။ ဒါပေမဲ့ အဲလဇ္ဇဘာက်ကို ပိုက်ဆံခိုးတယ်လို့ စွပ်စွဲထားတာတော့ ရှင်းသွားပါပြီ။ ပိုက်ဆံကို အဲလဇ္ဇဘာက်ယူတာ မဟုတ်ပါဘူး။ အဲလဇ္ဇဘာက်ပျောက်နေတယ်လို့ သတင်းစာတွေက

ရေးတော့ တာကယ်ခိုးတဲ့ကောင်မလေးက လန့်ဖျပ်ပြီး ဝန်ခံလိုက်တယ်တဲ့"

မစ္စဝပ်ဒယ် - "ဘယ်ကောင်မလေးများပါလိမ့်"

"အဲလဇ္ဇဘက်ရဲ့ အချစ်ဆုံးသူငယ်ချင်း လူစီပောင်းဝဲတဲ့။ မနှစ်ကတောင် အဲလဇ္ဇဘက်နဲ့အတူ ဒီမှာလာနေသွားဖူးသေးတယ်။ သူက အံဆွဲထဲမှာ ပိုက်ဆံသေတ္တာကိုတွေ့ပြီး ဖွင့်တောင်မကြည့်ဘဲနဲ့ ကောက်ကာငင်ကာ ယူလိုက်တယ်။ ပြီးတော့ တစ်နေရာမှာ ဝှက်ထားလိုက်တယ်။ သေတ္တာထဲမှာ ပိုက်ဆံ ပေါင် ၁၀၀ လောက်ပဲရှိတာ သူ မသိဘူး။ ဒီကိစ္စ ပုလိပ်တိုင်လိုက်တော့ သူကြောက်သွားတယ်"

"ဒီကောင်မလေးနဲ့မှ ငါ့မြေးလေး သူငယ်ချင်းဖြစ်ရတာ ဘွားဘွား စိတ်မကောင်းပါဘူး"

"အင်း ... လူစီက အဲလဇ္ဇဘက်ကို မနာလိုဘူးတဲ့။ အဲလဇ္ဇဘက်က စာမှာလည်း လူစီထက် တော်တယ်။ အားကစားမှာလည်း သူ့ကို လူစီမကျော်နိုင်ပဲကိုး။ အဲဒါကို မနာလိုဖြစ်ပြီး ပိုက်ဆံသေတ္တာကို အဲလဇ္ဇဘက်အံဆွဲထဲမှာ ထည့်ထားလိုက်တာ။ ဒေါ်လေးရိုစ်အိမ် အဲလဇ္ဇဘက် ပြန်တုန်း သူ့အံဆွဲထဲမှာ ပိုက်ဆံသေတ္တာကို သော့ခတ်လျက်သား ပြန်တွေ့တယ်။ ဒီမှာ ပုလိပ်က ဒေါ်လေးရိုစ်အိမ်ကို လိုက်လာတာပဲ"

"ငါ့မြေးလေး သနားပါတယ်။ ဒါပေမဲ့ သူက မငြင်းဘူးလား"

"ငြင်းတာပေါ့။ ဒါပေမဲ့ သူ့စကားကို မယုံကြဘူးလေ။ ကံဆိုးချင်တော့ ပိုက်ဆံထားတဲ့ အခန်းထဲမှာ အလဇ္ဇဘက်တစ်ယောက်တည်း အိမ်စာလုပ်ရင်း ကျန်ခဲ့တာ။ ဒေါ်လေးရိုစ်ဆိုတာ အတော့်ကို စိတ်ထိခိုက်သွားတယ်။ အဲလဇ္ဇဘက်လည်း တခြားဘာမှမလုပ်တတ်တော့ ထွက်ပြေးတာပေါ့"

"ငါ့မြေးလို အလိမ္မာတုံးလေးကိုမှ ဒီလိုအဖြစ်မျိုး လာပြီးကြုံရတယ်လို့ကွယ်"

မစ္စဝပ်ဒယ် - "ဒီတော့ ဒီကြောင်းတွေကို အဲလဖ္ဗက်သိအောင် ဘယ်လိုလုပ်ကြမလဲ။ သူ ဘယ်မှာရှိနေမှန်းလဲ တို့သိရတာမဟုတ်တော့"

"ကျွန်တော်တို့ ရှာရမှာပဲ။ သူ့မှာ ရထားခလောက်ပဲ ပါသွားတာ။ စားဖို့သောက်ဖို့ပိုက်ဆံ လုံလောက်အောင်ပါသွားတာ မဟုတ်ဘူး။ ဘယ်လောက်များ ဆင်းရဲဒုက္ခရောက်နေလဲ မသိဘူး။ ကိုင်း ... အရင်ဆုံး လုပ်စရာရှိတာက ဂေါ်တွန်မှာ အဲလဖ္ဗဘက်ကို တွေ့ခဲ့တယ်လို့ ပြောတဲ့ မြင်းဇောင်းအလုပ်သမားကောင်လေးနဲ့ တွေ့ဖို့ပဲ။ မင်းတို့ ချာတိတ်နှစ်ယောက်က အဲဒီကောင်လေးဆီ အစ်ကို့ကို လိုက်ပို့ကြ"

◆

## [ ၁၇ ]
## တွမ် ထွက်ပြေးသွားခြင်း



"တွမ် ဘယ်မှာလဲဟေ့"

ဟယ်ရီအား ပီတာ မေးလိုက်သည်။

"တစ်နေရာရာမှာတော့ ရှိမှာပဲ။ ဟိုဘက်မှာလို့ ထင်တယ်"

ထို့နောက် ဂျက်နှင့် ချားလ်စ်တို့က တစ်ဖက်မှာ သွားရှာနေစဉ် သန့်ရှင်းရေးလုပ်နေသော တွမ်အား ပီတာ တွေ့သွားသည်။

"ဟေ့ … တွမ်၊ မင်းကို လူတစ်ယောက်က တွေ့ချင်လို့တဲ့ကွ"

"ဘယ်သူလဲ"

"မင်းနဲ့ ဂေါ်တွန်မှာတွေ့ခဲ့တယ်ဆိုတဲ့ အဲလဖ္ဘာက်ဆိုတာလေ။ မင်း မှတ်မိလား။ အဲ … မင်းကို တွေ့ချင်တယ်ပြောတာ သူ့အစ်ကိုပဲ။ သူ ပြင်သစ်နိုင်ငံကနေတောင် လာရတာ။ အတော်လည်း စိတ်ထိ ခိုက်နေတယ်ကွ။ ပြီးတော့ …"

ပီတာ စကားရပ်သွားသည်။ အကြောင်းမှာ တွမ်သည် လက်ထဲမှ ထွန်ခြစ်ကို ဖုတ်ခနဲပစ်ချပြီး အသားကုန် ထွက်ပြေးသွားသော ကြောင့် ဖြစ်၏။ ပီတာမှာ အံ့အားသင့် ကျန်ရစ်ခဲ့သည်။

တံခါးဆီသို့ ထွက်ကြည့်သောအခါ တွမ့်အရိပ်အယောင်ကိုမျှ ပီတာ မမြင်ရတော့ပါ။ ပီတာ့ထံ ဂျက်နှင့် ချားလ်စ် ရောက်လာလေသည်။

"တွမ့်ကို တွေ့လိုက်လား။ သူ အခုပဲ ထွက်ပြေးသွားတယ်။ ဘာကြောင့် ပြေးတယ်ဆိုတာတော့ ဘုရားသခင်မှ သိမှာပဲ"

ထိုစဉ် ဟယ်ရီနှင့် ခပ်ထွားထွား မြင်းဖောင်းအလုပ်သမလေး တို့ ရောက်လာကြ၏။

"တွမ်ပြောတာကို သိပ်အလေးအနက် ထားမနေပါနဲ့။ ဒီကောင်က ခပ်ကြောင်ကြောင်ရယ်။ ဟုတ်တယ်မို့လားဟင် ကိတ်"

ခပ်ထွားထွားကောင်မလေးက ခေါင်းညိတ်ပြသည်။

ပီတာ - "သူနေတဲ့နေရာကို မင်းတို့သိကြလား"

ဟယ်ရီရော၊ ကိတ်ပါ တွမ်နေသည့်နေရာကို မသိကြပါ။ သို့နှင့် လက်လျှော့လိုက်ရ၏။ ပီတာက ...

"အစ်ကို လာချင်တဲ့ဆန္ဒရှိနေသေးရင် နက်ဖြန်ပြန်လာလို့ရတယ်။ ဒါပေမဲ့ ကျွန်တော့်အထင်တော့ တွမ် ဘာမှသိပုံ မပေါ်ဘူး။ သတင်းစာထဲမှာပါတဲ့ သတင်းကိုဖတ်ပြီး လုပ်ကြံပြောတာလို့ ထင်တယ်"

ချားလ်စ် - "အေးလေ...ကျေးဇူးပဲကွာ။ငါပြန်မယ်။အဲလဖွာဘက်ကို မတွေ့ရမချင်း ဘွားဘွားက စိတ်ဆင်းရဲနေမှာ။ ငါ့မိဘတွေကိုလည်း ဒီအကြောင်း ပြောမပြရသေးဘူး။ ဒါပေမဲ့ နက်ဖြန်တော့ သူတို့ဆီ ဖုန်းဆက်ပြီး ပြန်လာဖို့ပြောရမယ်။ ဖေဖေက တရုတ်နိုင်ငံမှာ သိပ်အရေးကြီးတဲ့ အလုပ်တစ်ခုကို လုပ်နေတာ။ သူ့ကိုလည်း စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူးကွာ။ ပုလိပ်ကတော့ မကြာခင် တွေ့မှာလို့ ပြောတာပဲ"

ထို့နောက် ချားလ်စ်သည် ပီတာနှင့် ဂျက်အား နှုတ်ဆက်ပြီး ပြန်သွား၏။

"ငါတို့ နက်ဖြန်ကျရင် အစည်းအဝေးထိုင်ကြရအောင်။ ကျန်တဲ့ လူတွေကို ကျောင်းမှာပဲ ဖိတ်လိုက်မယ်။ အစည်းအဝေးမှာ ဒီနေ့ အတွေ့အကြုံတွေ တင်ပြဖို့ရှိတယ်။ နောက်ပြီး ဘာဆက်လုပ်ရမယ် ဆိုတာလည်း ဆွေးနွေးကြတာပေါ့"

ဟု ပီတာက ပြော၏။

"ကောင်းတယ်။ တွေ့တာပေါ့"

ဟု ပြောပြီး ဂျက်သည် စက်ဘီးဖြင့် လမ်းခွဲသွားလေသည်။

◆

အစည်းအဝေးတွင် ချားလ်စ်နှင့် တွေ့ပုံအကြောင်းကို ပြောပြရာ အဖွဲ့ဝင်အားလုံးမှာ စိတ်အားတက်ကြွနေကြသည်။

ဂျော့ - "ငါတော့ အဲလဖ္ဖဘက်ရှိတဲ့နေရာကို တွမ် သိတယ်လို့ ယုံတယ်ကွ။ သူ့အစ်ကို ရောက်နေကြောင်း အဲလဖ္ဖဘက်ကို ပြေးပြီး ပြောတာ ဖြစ်နိုင်တယ်"

ပီတာ - "မင်းပြောတာ ဖြစ်နိုင်တယ်။ ဒီတော့ နက်ဖြန်ကျရင် သူ့ ဆီသွားပြီး အဲလဖ္ဖဘက်ရှိတဲ့နေရာကို သိသလားလို့ တည့်တည့်ပဲ မေးလိုက်မယ်ကွာ။ သူ့မျက်နှာရိပ် မျက်နှာကဲကိုလည်း အကဲခတ် ကြည့်ရတာပေါ့"

ဂျက် - "ချားလ်စ်ကိုပါ လိုက်ခဲ့ဖို့ပြောမယ်။ တကယ်လို့ အဲလဖ္ဖ ဘက် ရှိတဲ့နေရာကို တွမ် သိတယ်လို့ သူက ယုံကြည်ရင် တွမ် မပြော ပြောအောင် သူလုပ်လိမ့်မယ်"

ပီတာ - "ကောင်းတယ် ... နက်ဖြန်တော့ စိတ်လှုပ်ရှားစရာပဲ ဟေ့"

◆

[ ၁၈ ]

# ပီတာ အရူးလိုဖြစ်ခြင်း



နောက်တစ်နေ့ညနေတွင် ကလေးစုံထောက်အဖွဲ့ဝင်များသည် စက်ဘီးကိုယ်စီဖြင့် ဝါနာမြင်းဖောင်းသို့ ထွက်လာခဲ့ကြ၏။ အလာတွင် ဘရမ်ဘယ်အိမ်သို့ဝင်ပြီး ချားလ်စ်အားခေါ်ရာ ချားလ်စ်မှာ အိမ်တွင် ရှိမနေပါ။ သို့နှင့် သူတို့နောက်သို့ လိုက်လာရန် မှာခဲ့ရသည်။

မြင်းဖောင်းသို့ ရောက်သော် ဟယ်ရီကိုသာ တွေ့ရသည်။ တွမ်မှာ လယ်ကွင်းထဲတွင် အလုပ်လုပ်ချင်သည်ဆိုပြီး ခွင့်တောင်းသွားကြောင်း သိရ၏။ ဤသို့ဖြင့် လယ်ကွင်းထဲသို့ ဆက်လိုက်သွားကြသည်။

"မနေ့က တို့နဲ့ပါလာတဲ့ ချားလ်စ်ဆိုတာ လာရင် လယ်ကွင်းထဲကို လွှတ်ပေးနော်"

ဟု ပီတာက ဟယ်ရီအား မှာထားခဲ့၏။

အဝေးတွင် မြင်းပုလေးများအား လေ့ကျင့်ပေးနေသည့် တွမ်ကို လှမ်းမြင်ရသည်။ ကလေးစုံထောက်အဖွဲ့ဝင်များက တွမ်အား လှမ်းခေါ်ပြီး လက်ဝှေ့ယမ်းပြကြ၏။ တွမ်သည် မြင်းပုလေးအား ရပ်တန့်

ပြီး စိတ်မသက်သာဟန်ဖြင့် သူတို့အား ကြည့်လေသည်။ ထို့နောက် ပြန်လည်ကာ လက်ပြ၏။

"ဘာကိစ္စရှိလို့လဲ။ ငါ အလုပ်များနေတယ်"

ပီတာ – "ဒီမှာ ... တွမ်၊ မင်းကို ငါ မေးခွန်းတစ်ခု မေးချင်တယ်။ အဲလဖွဘက်ဆွန်းနင်း ဘယ်မှာပုန်းနေတယ်ဆိုတာ သိလား"

တွမ်၏မျက်နှာပေါ်တွင် အထိတ်တလန့်ဖြစ်ဟန် ပေါ်သွား၏။

"ငါက ဘာကြောင့် သိရမှာလဲ။ မရှူးစမ်းပါနဲ့ကွာ"

ဟုပြောပြီး မြင်းပုလေး၏နံဘေးကို ဖနောင့်ဖြင့် ပေါက်လိုက်ရာ မြင်းပုလေးမှာ ကဆုန်စိုင်း ထွက်သွားလေတော့၏။

"သူ သိတယ်၊ သူ သိတယ်၊ သူ မပြောဘူး"

ဟု ဂျက်က အလောတကြီး ပြောသည်။

ထို့နောက် ဂျက်သည် ပီတာဘက်သို့ လှည့်လိုက်၏။ ပီတာ့အား ကြည့်လိုက်သည့်အကြည့်မှာ ရုတ်ခြည်းအံ့သြဟန် ပေါက်သွားသည်။

"ဘာဖြစ်လို့လဲ ပီတာ၊ ဘာဖြစ်လို့လဲ။ မင်း ဘာဖြစ်လို့ ဒီလို ကြည့်နေရတာလဲ"

ပီတာသည် အမှန်ပင် ထူးဆန်းသလို ဖြစ်နေ၏။ အံ့အားသင့်ဟန် ဝေခွဲမရဟန်တို့ စုပြုံပြီး ပီတာ့မျက်နှာပေါ်တွင် ပေါ်နေလေသည်။ ဂျက်သည် အထိတ်တလန့်ဖြစ်ပြီး ပီတာ့ကိုယ်ကို ကိုင်လှုပ်လိုက်သည်။

"ပီတာ ဘာဖြစ်တာလဲ"

"ဘုရားသခင်၊ အဲလဖွဘက် ဘယ်မှာရှိတယ်ဆိုတာ သူ တကယ်သိတယ်။ သူ့လောက်သိတဲ့လူ ကမ္ဘာပေါ်မှာ မရှိဘူးကွ"

"ပီတာ ..."

အားလုံး ဝိုင်းအော်ကြသည်။ ပီတာ ရုတ်တရက် ရူးသွားပြီလား။ သူ ဘာကိုဆိုလိုတာလဲ။

ပီတာ ပြန်မဖြေပါ။ သို့သော် အလွန်အံ့သြဖွယ်ကောင်းသည့်အရာ တစ်ခုကို သူ လုပ်လိုက်သည်။ ရုတ်တရက် စက်ဘီးပေါ်သို့တက်ပြီး မြင်းပုလေးအား ဒုန်းစိုင်းသွားသည့် တွမ်၏နောက်သို့ အပြင်းနှင် လေတော့သည်။ ကလေးစုံထောက်အဖွဲ့ဝင်များမှာ ပါးစပ်အဟောင်း သားဖြင့် ကြည့်နေကြ၏။ ပီတာ "ပေါက်"သွားပြီဟု ထင်ကြသည်။ ပီတာ၏အော်ဟစ်သံများကို သူတို့ကြားနေရ၏။

"လာခဲ့တော့၊ အားလုံး အဆင်ပြေသွားပြီ အဲလဖွာဘက်။ လာခဲ့ တော့။ နင့်အတွက် သတင်းကောင်းပါလာတယ် အဲလဖွာဘက် ... အဲလဖွာဘက်"

"ရှူးပြီ" ဟု ဂျက် ရေရွတ်လိုက်၏။ သူ ထိတ်လန့်နေပုံရသည်။ သူ တို့အားလုံး အံ့သြခြင်းကြီးစွာဖြင့် စောင့်ကြည့်နေလျက်ရှိ၏။

တွမ်နှင့် ထိတ်လန့်နေသော မြင်းပုလေးအနီးသို့ ပီတာကပ်သွား သည်။ နှုတ်မှလည်း အော်ဟစ်နေဆဲ။

"အားလုံး အဆင်ပြေသွားပြီလို့ ငါပြောနေတယ်။ ပိုက်ဆံကို ယူ တာ သူပါလို့ လူစီဟောင်းဝဲက ဝန်ခံထားတယ်။ နင် မခိုးဘူးဆိုတာ လူတိုင်းသိတယ်။ နင် ရပ်မလား၊ မရပ်ဘူးလား။ ငါပြောတာကို နား ထောင်"

နောက်ဆုံးတွင် မြင်းပုလေးရပ်သွား၏။ ကလေးစုံထောက်အဖွဲ့ ဝင် ခြောက်ဦးတို့ စုပြုံပြေးလာကြသည်။ ပီတာသည် အသက်ရှူ မှားနေသော်လည်း စကားဆက်ပြောနေဆဲ။

"နင်ဟာ အဲလဖွာဘက်ပဲ။ ငါ သိတယ်။ နင့်အစ်ကို့ကို တွေ့ တော့ တစ်ယောက်ယောက်နဲ့ ရုပ်ချင်းဆင်ပါတယ်လို့ ထင်ခဲ့တာ။ ဂိတ်ပေါက်မှာ ချက်ချင်းတူတာကို ငါ မြင်လိုက်တယ်။ ကြည့်စမ်း၊ ဟိုမှာဂိတ်ပေါက်မှာနင့်အစ်ကိုလေ။ နင်အဲလဖွာဘက်ပဲ။ ဟုတ်တယ် မို့လား"

ကောင်မလေး၏ မျက်ဝန်းများမှ မျက်ရည်များ ကျလာသည်။

"ဟုတ်ပါတယ်။ ငါဟာ အဲလဖွဘက်ဆွန်းနင်းပါ။ လူစီ ဝန်ခံလိုက်တယ်ဆိုတာ တကယ်ပဲလား။ သူပဲလို့တော့ ထင်ပါတယ်။ ငါသိပ်မသေချာလို့။ ဒါဖြင့် ငါ့ကို သူခိုးလို့ ဘယ်သူမှ မထင်တော့ဘူးပေါ့နော်"

"ဘယ်သူမှ မထင်တော့ပါဘူးဟာ။ နင် သတ္တိကောင်းတာပဲ။ ဘယ်မှာ နင်ပုန်းနေတာလဲ။ ဘယ်လို ..."

"အို ... ဟိုမှာ ချားလ်စ်"

အဲလဖွဘက်သည် ရုတ်တရက် အော်ပြောလိုက်ပြီး မြင်းပုလေးကို ချားလ်စ်ထံသို့ ဒုန်းစိုင်းသွားလေသည်။

"ချားလ်စ် ... ချားလ်စ်၊ အို ... အစ်ကို့ကို တွေ့လို့ ဝမ်းသာလိုက်တာ"

အဲလဖွဘက်သည် မြင်းပုလေးပေါ်မှ လိမ့်ကျလုနီးနီး လျှောဆင်းပြီး ချားလ်စ်၏ရင်ခွင်တွင်းသို့ တိုးဝင်ကာ နှစ်ယောက်သား တင်းကျပ်စွာ ဖက်ထားလိုက်ကြသည်။ ချားလ်စ်၏မျက်နှာမှာ ရုတ်ခြည်း ပိုမိုနုပျိုသွားသလို ထင်ရသည်။

"ကိုင်း ... အိမ်ပြေးမလေး။ မင်းမှာ ပြောစရာတွေ ဘာတွေ ရှိသလဲ။ အစ်ကိုလုပ်တဲ့လူကို မြင်သစ်ကနေ ပြန်လာရအောင် လုပ်တယ်။ အားလုံးကိုလည်း လိုက်ရှာရအောင် လုပ်တယ်။ ညည်း ဘယ်မှာ ပုန်းနေတာလဲ။ ဘွားဘွားအိမ်ထဲကို ဘယ်လိုဝင်တာလဲ။ ဘာဖြစ်လို့ ..."

"အို ... ချားလ်စ်၊ အစ်ကိုမေးတာတွေအားလုံးကို ညီမလေး ဖြေပါ့မယ်။ အခုတော့ ဘွားဘွားကြီးဆီ သွားကြရအောင်ပါ။ ဘွားဘွားကြီးကို ဖက်ထားပြီး အကြောင်းစုံ ပြောပြချင်တယ်"

ဟု အဲလဖွဘက်က ငိုတစ်ဝက် ရယ်တစ်ဝက်ဖြင့် ပြောလိုက်၏။

"ဒါဖြင့် လာ ... သွားကြမယ်"

ချားလ်စ်သည် အဲလဖွာဘက်၏ခါးကို သိုင်းဖက်လိုက်၏။ ထို့နောက် ကလေးစုံထောက်အဖွဲ့ဝင်များဘက်သို့ လှည့်ပြီး …

"မင်းတို့အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်ကွာ။ ပြီးတော့ ဟောဒီ ညစ်တီးညစ်ပတ် မြင်းဇောင်းအလုပ်သမား ကောင်လေးကို မင်းတို့ ဘယ်ပုံဘယ်နည်း ရှာတွေ့တယ်ဆိုတာလည်း ငါ သိချင်သေးတယ်ကွ" ၏

◆

# [ ၁၉ ]
# ပျော်စရာနိဂုံး



သူတို့အားလုံး ဘရမ်ဘယ်အိမ်ဆီသို့ ဦးတည်၍ သွားကြသည်။ ကလေးစုံထောက် ၇ ဦးအဖွဲ့ဝင်များမှာ ဝမ်းမြောက်ပျော်ရွှင်နေကြသည်။ လမ်းတွင် သူငယ်ချင်းတစ်ယောက်နှင့်အတူ စက်ဘီးစီးလာသော စူစီအား တွေ့သဖြင့် အကြီးအကျယ် စိတ်ပျက်သွားကြ၏။

"ဟဲလို ... နင်တို့ အရှုပ်ထုပ်ကြီး ရှင်းသွားပြီလား"

ဂျက် - "အေးဟ ... ဒီတွမ်ဆိုတာက အဲလဇ္ဇဘက်ပဲ။ ဒါမျိုး နင်စဉ်းစားမိမှာ မဟုတ်ဘူး"

"ငါ သိသားပဲ။ ဘယ်လိုသိတယ်ဆိုတာ ငါမပြောပြဘူး။ ဒါပေမဲ့ ငါ သိတယ်"

ဟု ပြောပြီး လက်ပြကာ စူစီ ထွက်သွားလေသည်။

ဂျနက် - "တကယ့် အပလီအိုးမလေး။ သူ သိမှာမဟုတ်ပါဘူး။ ငါပြောတာ ဟုတ်တယ်မဟုတ်လား ဂျက်"

"ငါတော့ သူ ဘာပြောပြော မမှုတော့ဘူး။ သူကတော့ ပြောနေမှာပဲ"

ပီတာ - "မင်းပါးစပ်ကို အပ်နဲ့ချုပ်ထားဖို့ ကောင်းတယ် ဂျက်။ ကိုင်း ... တို့အိမ်ရောက်ပြီ။ အမယ်ကြီး ဝမ်းသာမှာပဲ"

အမယ်ကြီးသည်အဲလဗ္ဗဘက်အားဖက်၍ငိုလေသည်။ ဝမ်းသာသောကြောင့် ကျသောမျက်ရည်များ။ မစ္စဝပ်ဒယ်သည် ဘီစကွတ်နှင့် လင်မနစ်များယူလာပြီး တည်ခင်းဧည့်ခံ၏။ စကောင်ပါမှာ ဘီစကွတ် နစ်ခုရသောကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေသည်။

"အဲလဗ္ဗဘက် ... ညည်း ဘယ်မှာပုန်းနေတာလဲ။ ပြီးတော့ ဒီဟာ ငါ့မြင်းစီးဘောင်းဘီ မဟုတ်လား။ ဘယ်ကရတာလဲ"

"ဟို ... အံဆွဲထဲက ရတာ။ ဒါကို ရှိနေသေးမှန်း ဘယ်သူမှ မသိကြတော့ဘူးလေ။ ညီမလေးထက်တော့ နည်းနည်းကြီးတယ်။ ညီမလေးက ညတိုင်းညတိုင်း မြင်းဇောင်းအပေါ်က မြက်ခြောက်တွေထားတဲ့ အထပ်ခိုးမှာ ပုန်းနေခဲ့တာ။ ခြံစရာ စောင်တစ်ထည်နဲ့ပေါ့။ နွေးပြီး ဇိမ်ကိုကျလို့"

"ဒါဖြင့် နင် ဒီစောင်ကို ယူသွားတယ်ပေါ့။ ငါ ထင်သားပဲ။ စားစရာတွေကိုလည်း နင်ပဲယူတာ မဟုတ်လား"

ဟု မစ္စဝပ်ဒယ်က မေး၏။

"ဟုတ်ကဲ့၊ ဒီကိုလာဖို့ ရထားခပေးလိုက်ပြီးတဲ့နောက် ကျွန်မမှာ ပိုက်ဆံငါးပဲနိပဲ ရှိတော့တာ။ ဒါကြောင့် အလုပ်ဝင်လုပ်ရတယ်။ ဒါပေမဲ့ အလုပ်က တစ်ပတ်မှတစ်ခါ ပိုက်ဆံရှင်းတော့ လုပ်ခမရခင် စားဖို့လိုတယ်လေ"

မစ္စဝပ်ဒယ် - "နင် အိမ်ထဲကို ဘယ်လိုလုပ် ဝင်တာလဲ"

ချားလ်စ် - "ဟုတ်တယ်၊ ဘယ်လိုဝင်တာလဲ"

ပီတာ - "တစ်မြန်နေ့ညက ငါတို့ ဒီအိမ်မှာ နင့်ကို လာစောင့်ကြည့်တော့ နင်က တွမ်အဖြစ် ပါနေတာ ရယ်စရာကောင်းလိုက်တာ။ အဲဒီ တုန်းက နင် သစ်ပင်ပေါ်မှာလား"

အဲလဗ္ဗဘက်က ရယ်လျက် ...

"အေး ... ဟုတ်တယ်။ အဲဒီသစ်ပင်မှာ ကိုင်းတစ်ခုက ရေချိုးခန်း ပြတင်းပေါက်ဆီ ထိုးသွားတယ်။ ပြတင်းပေါက်ကိုဖွင့်ပြီး အထဲဝင်သွားတာပေါ့။ ငါ လက်နှိပ်ဓာတ်မီးနဲ့ထိုးတာ နင်တို့ မမြင်ဘူးလား။ ဘွားဘွားရေ၊ မစ္စတာဝါနာက သမီးကို သဘောကျပြီး လုပ်ခတိုးပေးမယ်တဲ့။ မြင်းဇောင်းမှာ အလုပ်လုပ်ရမလားဟင်။ ကျောင်းတက်ရတာထက် ပိုပြီးပျော်စရာကောင်းတယ် ဘွားဘွားရဲ့"

"မလုပ်ရပါဘူး။ ကျောင်းပဲပြန်တက်ရမယ်။ စာမေးပွဲကိုထိပ်ဆုံးက အောင်.အောင်ဖြေရမယ်။ အဲလဇ္ဇဘက်နဲ့ ပတ်သက်ပြီး ဘွားဘွား စိတ်မကောင်းတာတစ်ခု ရှိသေးတယ်။ ဘာဖြစ်လို့ ဒီလောက်ကောင်းတဲ့ ဆံပင်ကို ညှပ်ပစ်လိုက်တာလဲကွယ်"

"မညှပ်ဘဲ မဖြစ်လို့ပေါ့ ဘွားဘွားရယ်။ တစ်ည အိမ်ပြန်လာတုန်းက ဘွားဘွားကတ်ကြေးယူပြီး ညှပ်ပစ်လိုက်တာ။ အစ်ကို့ရဲ့ မြင်းစီးဘောင်းဘီနဲ့ ဒီဂျာစီအင်္ကျီကိုပါ သမီးယူသွားတာ။ အို ... ဘွားဘွားရယ်၊ သမီး ပျော်လိုက်တာ"

"ကိုင်း ... တို့လည်း ပြန်ကြရအောင်။ သူတို့ လွတ်လွတ်လပ်လပ် ပြောကြပါစေ"

လမ်းတွင် ပီတာက ...

"နက်ဖြန် တို့ရဲ့အောင်မြင်မှုအတွက် အခမ်းအနားတစ်ခု လုပ်ရမယ်။ စားစရာသောက်စရာတွေ အိမ်က ယူလာခဲ့ကြကွာ။ နောက်ပြီး စကားဝှက်ကိုလည်း အသစ်ပြောင်းရမယ်။ ဘယ်လိုပြောင်းရင်ကောင်းမလဲ မသိဘူး"

"မြင်းဇောင်းအလုပ်သမားလေးလို့ ပြောင်းလိုက်ပေါ့ကွာ"

ဟု ဂျက်က ပြောလိုက်လေသည်။

◆